CATHOLIC RELIGIOUS CONFERENCE OF MYANMAR
CRCM

(ဇန်နဝါရီ – မတ်၊ ၂၀၁၉)
(အတွဲ ၂၁။ အမှတ် – ၁)

အသင်းတော်အတွင်း(ကန့်သတ်)
၃ လတစ်ကြိမ်ထုတ်ဝေသည်။



# ကြေးစည်

စာစောင်

# စာမျက်နှာ နှင့် အကြောင်းအရာ

မာတိကာ


၁ ။ အယ်ဒီတာစကား (စစ္စတာရဲ ယူဂျေနီ ပက်ထရိနီးလာ)
၂ ။ ဝါတွင်းကာလ (ဆရာတော် ဂျွန် စောယောဟန်)
၄ ။ နောက်ဆုံးစီရင်စစ်ကြောခြင်းအကြောင်း (ဆရာတော် ဂျွန် မန်းဆိန်းဟို)
၈ ။ စီ အာရ် စီ အမ် သတင်း (စစ္စတာရဲ အစွမ်းတာ ရွှေ)
၁၁ ။ အကယ်၍ကျွန်ုပ်တို့ပစ္စုပ္ပန်ကာလ၌သက်ရှင်နေထိုင်ပါလျှင် (ကယားရာလူးဘစ်၏ထောက်ရှုဆင်ခြင်ချက်)
၁၄ ။ လေစိမ်းတွေတိုက်နေတယ် (ကဗျာ) (အင်ဝိုင်းပန်း၊ SJA)
၁၅ ။ Bible Game
၁၆ ။ အဆိပ်အတောက်နှင့်တူသောစိတ်ဓာတ်အကြောင်း (ကလေပိုက်)
၁၉ ။ အသက်မဲ့သောယုံကြည်ခြင်း (စစ္စတာရဲ အိုင်ဖောင်)
၂၀ ။ ဘုရားပေးတဲ့ဆုလက်ဆောင် (ပန်းကုံကော်၊ SFX)
၂၃ ။ အပင်နှင့်အသီး (နှင်းဆီဖြူ)
၂၄ ။ ကောင်းသောစိတ်စွမ်းအားနှင့် မကောင်းသော စိတ်စွမ်းအား ( Bro. Thang Ha, SJ)
၂၈ ။ သာသနာပြုဟူသည် (လှိုင်လင်လေးလွင်)
၃၁ ။ ပုပ်ဘက်နဒစ် (၁၆) ကိုယ်ရေးအကျဉ်း (လောရန့်စ်ဂျွန်မာဂမ်)
၃၆ ။ သင်သည်ထူးခြားသောသူဖြစ်သည် (Annaaung, SFX)
၄၁ ။ အမှား (အင်ဝိုင်းပန်း၊ SJA)
၄၄ ။ ပြောင်းလဲပြီလား (မြေစာပင်)
၄၆ ။ ယုံကြည်ခြင်းနှင့် ရှင်သန်ခြင်း (Sr. Khaing War, MSP)
၄၈ ။ Jesus and Lu Chaw (Fr. Hubert Myo, MLM)
၅၀ ။ အပြစ်ရင်း (ကဗျာ) (မွန်စီညော် မောရစ်ညွန့်ဝေ)
၅၁ ။ လွမ်းမနေနဲ့ (ကဗျာ) (ရှားမာန်)
၅၄ ။ အမေ့ဘဝစာမျက်နှာများ (နန့်ဂျူလိုင်အေး ပုသိမ်)



ကြေးစည်စာစောင်ကို မြန်မာနိုင်ငံ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ်ရုံး
(**CRCM**) မှ ၃ လ တစ်ကြိမ်ထုတ်ဝေသည်။ (အသင်းတော်အတွင်းကန့်သတ်)



လိပ်စာ။ ။ကက်သလစ်သူတော်စင်များရုံးချုပ်၊ အမှတ် – ၁၁၂ (က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
email: kyesemyanmar@gmail.com, Ph: 09 794511950/ 09 400761158

# အယ်ဒီတာစကား



## မိတ်ဆွေများအားလုံးကိုမင်္ဂလာပါလို့နှုတ်ခွန်းဆက်သလိုက်ပါတယ်. . .

ချစ်ခင်လေးစားရပါသော ကြေးစည်စာစောင်ကို ဖတ်ရှုအားပေးနေကြသော မိတ်ဆွေများရှင့်. . .

သန့်ရှင်းသောဝါတွင်းကာလ၏ ကျေးဇူးတော်နေ့ရက်တိုင်းမှာ သခင်ခရစ်တော်၏ချစ်ခြင်း၊ သနားခြင်းကျေးဇူးတော်များ ကြွယ်ဝစွာရရှိခံစားကြရပါစေကြောင်း ဆုတောင်းနှုတ်ဆက်လိုက်ပါတယ်။


ဒီစာစောင်လေးဟာ မြန်မာနိုင်ငံကက်သလစ်သူတော်စင်များအဖွဲ့ချုပ်၊ Catholic Religious Conference of Myanmar (CRCM) မှ ၂၀၁၉ ခုနှစ်ရဲ့ ပထမဆုံး အကြိမ်ထုတ်ဝေသော ကြေးစည်စာစောင်ဖြစ်သလို စိန့်ဖရန်စစ်ဇေဗီးယား သီလရှင်အသင်းဂိုဏ်းအနေဖြင့် ကြေးစည်စာစောင်တမန်တော်လုပ်ငန်းကို ပထမဦးဆုံးအကြိမ် လက်ဆင့်ကမ်းတာဝန်ယူဆောင်ရွက်ခွင့်ရရှိခြင်းအတွက်၊ အဖဘုရားရှင်အားများစွာ ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။

ဒီစာစောင်မှာ ဘုရားသခင်ရဲ့ သားသမီးတိုင်းအတွက် ပြည့်ဝစုံလင်သော ဘဝအသက်တာကို အတူတကွဝေမျှခံစားနိုင်ဖို့ရန်အတွက် ဝါရင့်ကလောင်ရှင်များရဲ့ အတွေ့အကြုံများ၊ သူတို့၏ယုံကြည်ခြင်းများ၊ အစေခံခြင်းများနှင့် ဓမ္မဗဟုသုတစာပေများကို ဆက်လက်ပါဝင်ဝေမျှထားသည့်အတွက် **ဆရာတော်ဂျက်စတင်း** စောမင်းသိုက်ရဲ့ အဆိုတစ်ခုအရ ဒီစာစောင်ကလေးကို ဖတ်ရှုသူများအားလုံးအတွက် **"အသက်စမ်းရေတစ်ခွက်ပမာ"** ဆိုသလို ဝိညာဉ်ရဲ့အလင်းနဲ့ခွန်အားများ ရရှိကြပါစေလို့ဆုတောင်းပါတယ်။

အဲ့ဒီအတွက်ကြောင့် စေတနာ၊ မေတ္တာရှင်ကလောင်ရှင်များ၊ ကူညီပံ့ပိုးသူ ကျေးဇူးရှင်များ၊ စာဖတ်မိတ်ဆွေများအားလုံးကို ကျေးဇူးတင်ရင်း ဆက်လက်ကူညီ အားပေးမှုများပိုမိုတိုးပွားများပြားပါစေရန် လှိုက်လှဲစွာ ဖိတ်ခေါ်လိုက်ပါတယ်ရှင်။

**သခင်ခရစ်တော်၏ နာမတော်မြတ်၌**

စစ္စတာရီ ယုဂျေနီပိုင်ထရီနီးလာ (SFX)




ဝါတွင်း (Lent) ဆိုတဲ့စကားဟာ နွေဦးသမယကာလ လို့အဓိပ္ပါယ်ရပါတယ်။ နွေဦးကာလမှာ အရောင်အဆင်းမှေးမှိန်သွေ့ခြောက်နေတဲ့အရွက်တွေ ကြွေကျပျောက်ကွယ်ပြီး၊ ရောင်စုံလှပနေတဲ့ အရွက်သစ်တွေဝေတဲ့အချိန်ဖြစ်ပါတယ်။ ရွက်ဟောင်းတွေကြွေ၊ ရွက်သစ်တွေဝေတဲ့ အခုလိုအချိန်ကာလမှာ ကျွန်ုပ်တို့လူသားတွေကိုလည်း အတိတ်ကအားနည်းမှုတွေ၊ မကောင်းဒုစရိုက်တွေ၊ အပြစ်အနာအဆာတွေကိုစွန့်ပယ်ပြီး ရိုးသားမှု၊ ကြည်လင်သန့်ရှင်းမှု၊ လွတ်လပ်မှု၊ ပျော်ရွှင်ဝမ်းမြောက်မှုတွေနဲ့ အသစ်သောဘဝမှာ ပြောင်းလဲရှင်သန်ကြဖို့သတိပေးပါတယ်။

"အစာရှောင်ခြင်း၊ ငိုကြွေးခြင်း၊ ဝမ်းနည်းပူဆွေးခြင်းတို့ဖြင့်နှလုံးအကြွင်းမဲ့ ဘုရားရှင်ထံပြန်လာကြလော့။ သင်တို့၏ အဝတ်အစားကိုခြေမွ ၍မဟုတ်၊ ကြေမွသောနှလုံးသားနှင့်ပြန်လာကြလော့။ အကြောင်းမူကား ဘုရားသခင်သည် ကျေးဇူးပြုတတ်၏။ သနားကြင်နာတတ်၏။ ဒေါသဖြစ်ခဲ၏။ အပြစ်ပေးရန်ဆန္ဒမရှိ။" (Joel 2: 12 - 13) ဟုဖေါ်ပြပါတယ်။

ဒါတွေဟာ ဘုရားရဲ့ဘုန်းဂုဏ်တော်ကို ဖေါ်ညွှန်းထားပြီးဘုရားသခင်နဲ့မိတ်ဆွေပြန်လည်ဖွဲ့ဆိုဖို့ ဖိတ်ခေါ်တိုက်တွန်းနေခြင်းဖြစ်ပါတယ်။ လူတစ်ဦးဟာ နောင်တသံဝေဂနဲ့ အပြစ်သားလူဟောင်းဘဝကိုစွန့်ပြီး စိတ်သစ်လူသစ်နဲ့ ဘုရားအလိုကျ ပြောင်းလဲနေထိုင်တဲ့အခါမှာ မိမိတို့ရဲ့ဦးခေါင်းမှာ ပြာလူးကြကြောင်း (ယောဘ ၄၂း ၆) မှာ တွေ့မြင်ရပါတယ်။

ဝါတွင်းကာလ အစပြုတဲ့ ဗုဒ္ဓဟူးနေ့ကြီးဟာ နဖူးပေါ်မှာပြာလူးခံယူကြတဲ့ ကျွန်ုပ်တို့ဟာလည်း ဘဝဟောင်းကိုစွန့် ဘဝသစ်ကိုယူ ပြောင်းလဲပြီလို့ဖော်ပြလိုက်တာပဲဖြစ်ပါတယ်။ အပြင်အပပြောင်းလဲတဲ့ လက္ခာဖြစ်တဲ့ ပြာလူးခြင်းတွေ ခံယူသလို အတွင်းစိတ်နှလုံးမှာလည်း ရိုးသားစွာ ပြောင်းလဲနိုင်ကြရမှာဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာပြုပြင်ပြောင်းလဲ တိုးတက်ကြရမှာဖြစ်သလို လူထဲကလူတွေဖြစ်တဲ့ သင်နဲ့ကျွန်ုပ်တို့ ဟာလည်းတိုး တက်ပြောင်းလဲကြရမှာပဲဖြစ်ပါတယ်။ ကိုယ့်မှာဘာပြောင်းလဲဖို့ လိုအပ်သလဲဆိုတာကတော့ မိမိကိုယ်ကိုယ် အသိဆုံးသာဖြစ်ပါတယ်။

ဝါတွင်းကာလမှာ လူသားအားလုံးအတွက် ပြောင်းလဲနေထိုင်ရမဲ့ ဘဝကျင့်စဉ်ကို ယေဘုယျအားဖြင့် လမ်းညွှန်ထားပါတယ်။

၁) အနေနဲ့ကတော့ ပိုမိုဆုတောင်းဖို့ဖြစ်ပါတယ်။ ဘုရားနဲ့ပေါင်းစပ်တဲ့အချိန်ပေးဖို့ ဖြစ်ပါတယ်။ ဘုရားနဲ့ပေါင်းစပ်ဖို့အားပေးတဲ့ မဿားတက်ခြင်း၊ စိတ်ပုတီးစိပ်ခြင်း၊ မေတ္တာဆိုခြင်း၊ ကျမ်းစာဖတ်ခြင်းများကို ပြုလုပ်ကြရမှာဖြစ်ပါတယ်။

၂) အနေနဲ့ကတော့ ဝါရှောင်ခြင်း၊ မြီးခြံခြင်းပဲဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့သာယာမှု၊ သက်တောင့်သက်သာဖြစ်မှု၊ အာရုံခံစားမှုတွေကို ဆက်ကပ်ခြင်း၊ စွန့်လွှတ်ခြင်းပဲဖြစ်ပါတယ်။ ကြိုက်နှစ်သက်သော၊ အရသာရှိသော အစားအဟာရများကိုမြီးခြံသလို မတရားသောညစ်ညူးသော အာရုံခံစားမှုတွေကိုလည်း၊ စွန့်လွှတ်ခြင်းဖြစ်ပါတယ်။ မသန့်ရှင်းသောအတွေး၊ မရိုးသားသောအကြည့်၊ မပြောအပ်သောအပြော၊ စသည်တို့ကိုလည်းပဲ မြီးခြံဖို့ဖြစ်ပါတယ်။

၃) အနေနဲ့ကတော့ ပေးကမ်းခြင်း၊ ကူညီခြင်းပဲဖြစ်ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းလိုအပ်သူတွေ အတွက် ရုပ်ပိုင်းဆိုင်ရာအကူအညီ၊ ဝိညာဉ်အားနည်းသူတွေအတွက် ဝိညာဉ်အကူအညီ၊ မေတ္တာငတ်မွတ်နေသူတွေအတွက် ချစ်ခြင်းမေတ္တာများကို ပေးဆက်ကြဖို့ဖြစ်တယ်။ ဒီလိုပါပဲ ပညာချို့တဲ့သူတွေအတွက် စာသင်ကျောင်းများဆောက်ပေးခြင်း၊ ကျောင်းဆရာ၊ ဆရာမတွေ ပြုစုပျိုးထောင်ပေးခြင်း၊ ကျန်းမာရေးအားနည်းတဲ့သူတွေအတွက် ကုသမှုကိုဆောင်ရွက်ပေးခြင်း၊ ဆေးရုံဆေးခန်းများကို အလည်အပတ်သွားရောက်ကြည့်ရှုအားပေးခြင်း တို့ကိုလည်းပဲပြုလုပ်ကြရမှာဖြစ်တယ်။ အိုမင်းမစွမ်း၊ အထီးကျန်နေကြသူများအတွက်၊ အသက်အရွယ်ကြီးရင့်သူများအတွက်၊ အဖော်မွန်ပြုလုပ်ပေးခြင်း စသည်ဖြင့်ပုံစံအမျိုးမျိုးနဲ့ လိုအပ်သူများအတွက် တပ်အားသမျှကူညီပေးရေးရန် လမ်းညွှန်ထားပါတယ်။ ဒီလမ်းညွှန်မှုတွေအတိုင်း ကျွန်ုပ်တို့ ကြိုးစားအားထုတ်ရမှာဖြစ်တယ်။



**ဆုတောင်းမေတ္တာလေးနဲ့ အဆုံးသတ်လိုပါတယ်။**

အို ဘုရားသခင် ဝါတွင်းကာလ အစပြုသော နေ့မှစ၍ ဝါတွင်းကာလ တစ်လျှောက်လုံးမိမိကိုယ်ကိုယ်ချုပ်တီး မြီးခြံနိုင်စေကာ သန့်ရှင်းသော ကာလ အထိ ကုန်လွန်ဖြတ်သန်း နိုင်စေရန်မစ တော်မူပါ။ နတ်ဆိုးနှင့် ရင်ဆိုင်နေရသော တိုက်ပွဲ၌ ကာကွယ်စောင့်ရှောက်၍ အောင်မြင်မှုကို ပေးသနားတော်မူဘုရား။

**ဆရာတော် ဂျွန် စောယောဟန်**



# နောက်ဆုံးစီရင်စစ်ကြောခြင်းအကြောင်း

ဆရာတော် ဂျွန်မန်းဆိန်းဟို

ကြေးစည်စာစောင်ကို ဖတ်ရှုနေကြတဲ့စာဖတ်မိတ်ဆွေများ၊ စာပေဝါသနာရှင်များအားလုံး ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာတော်ကို ခံစားရရှိပြီး ကာယ၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ဝိညာဉ်၏အားရွှင်လန်းခြင်း အစရှိသောကျေးဇူးတော်များကို ခံစားရစေသည့်အပြင် တစ်ဦးစီလိုအပ်သောကျေးဇူးတော်များကို ဘုရားသခင်သိမြင်တော်မူသည့်အတိုင်း ပေးသနားတော်ပါမည့်အကြောင်း ဦးစွာပထမအနေနဲ့ ဆုမွန်ကောင်းတောင်းပါတယ်။ စာဖတ်သူများတွေကို အသိပညာဝေမျှမှုတစ်ခုအနေနဲ့ ဆောင်းပါး(သို့)နိုးဆော်အသိပေးစာလေးကို ရေးသားပေးပါဆိုလို့ ကျွန်တော်အခုလို စိတ်အားထက်သန်စွာဖြင့် လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်။ အမှန်တကယ်အားဖြင့် ဝါသနာလည်းပဲအနည်းငယ်တော့ ရှိပါတယ်။ စာပေရေးသားတာ၊ တရားဒေသနာဟောကြားတာတို့ကို ဝါသနာရှိတဲ့အပြင် ကျွန်တော်တို့ သူတော်စင်တွေဟာ Prophetic Role လို့ခေါ်တဲ့ ပရောဖက်တို့ရဲ့လုပ်ရမဲ့ တာဝန် ဝတ္တရားတွေကိုလည်းပဲ လုပ်ဆောင်ရာရောက်သည့်အတွက်ကြောင့် အခုလိုအခွင့်အရေးပေးလာတဲ့ ကြေးစည်တာဝန်ခံ စစ္စတာရ်ယူဂျေနီနဲ့ ကြေးစည်စာစောင်အဖွဲ့သားများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကြေးစည်စာစောင်မှာ ယခုမှ ဆောင်းပါးလေးတစ်ခုအနေနဲ့ ပထမဦးဆုံးရေးသားခြင်းလည်းဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် မတ်လ ၆ ရက်နေ့မှာပြာခံပွဲဆိုတဲ့ ဝါတွင်းအချိန်ကာလ စတင်ပြီဖြစ်ပါတယ်။ ဝါတွင်းကာလမှာ ထောက်ရှုစရာဖြစ်တဲ့ နောက်ဆုံးစီရင်စစ်ကြောခြင်း အကြောင်းကို ရေးသားချင်ပါတယ်။ ဒီနောက်ဆုံးစီရင်ခြင်းအကြောင်းကို ဖတ်ရှုသည့် ပုဂ္ဂိုလ်များနဲ့

ဝါတွင်းကာလနဲ့ ပတ်သက်သောကျင့်စဉ်များကို ကျင့်ကြံမည့်သူများအတွက် သံမာတေဉီး (၂၅း ၃၁-၄၆) မှာ "အသိမ်ငယ်ဆုံးသော ဤငါ၏ညီအစ်ကိုတို့တွင်တစ်ဦးကို သင်တို့ပြုစုခဲ့ကြလျှင် ငါ့ကိုပင်ပြုစုခဲ့ကြပြီ။" ဟူ၍ နောက်ဆုံးစီရင်စစ်ကြောခြင်း အကြောင်းကိုပေးထားခြင်းဖြစ်ပါတယ်။

သီချင်းဆိုပြိုင်ပွဲတွေမှာ ဒိုင်လုပ်ကြတဲ့သူတွေ တွေ့ဖူးကြပါလိမ့်မယ်။ အိပ်မက်ဆုံရာ သီချင်းဆိုပြိုင်ပွဲ၊ Myanmar Idol၊ ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ၊ သီချင်းကြီးသီဆိုပြိုင်ပွဲတို့စသည်ဖြင့် အမျိုးမျိုးသော သီချင်းဆိုပြိုင်ပွဲတွေနဲ့အခြားသော ပြိုင်ပွဲတွေဖြစ်တဲ့ ဟင်းချက်ပြိုင်ပွဲတွေလည်းပဲရှိကြပါတယ်။ အဲဒီမှာဘာတွေ့ရသလဲဆိုရင် ပြိုင်ပွဲတိုင်းမှာဒိုင်တွေကနေယှဉ်ပြိုင်နေကြတဲ့သူတွေကို ဘယ်လိုအမှတ်ပေးသလဲ၊ ဒိုင်တွေရဲ့အမှတ်ပေးတဲ့ စနစ်တွေကိုလည်းပဲ ကျွန်ုပ်တို့ကို အတိုင်းအတာတစ်ခုအနေနဲ့ ဖော်ပြကြတာကိုတွေ့ရပါတယ်။ အမှတ်ပေးစနစ်ဆိုတာကတော့ တစ်နေရာကနေတစ်နေရာကို တက်လှမ်းဖို့ သင့်တော်လျောက်ပတ်တဲ့ စံချိန်စံနှုန်းရှိမှ ရကြပါတယ်။ စာမေးပွဲဆိုပါတော့။ တစ်တန်းကနေ နောက်တစ်တန်းကိုတက်ဖို့ ဒါလဲဒီလိုပါပဲ။ လောကမှာ သာဓကတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့လောကမှာတွေ့ကြုံရတဲ့ ဆန်းစစ်မှုတွေဟာ၊ အရေးကြီးပင်ကြီးငြားသော်လည်း ဒီထက်ပိုပြီးတဲ့နောက်အရေးကြီးတဲ့ စစ်ဆေးမှုတွေလည်း ရှိနေပါသေးတယ်။ လောကမှာ ဒီလောက်များပြားတဲ့ တစ်ဆင့်ကနေတစ်ဆင့်၊ တစ်နေရာကနေ တစ်နေရာ၊ တိုးတက်ရာဘက်သို့ ဦးတည် ပြောင်းလဲဖို့အတွက် အစစ်ဆေးခံရတာ တစ်ခဏတာပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ၊ ပြောင်းလဲခြင်းဟာ တစ်ဒင်္ဂပဲဖြစ်သည့်အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အတွက် ဒါထက်ပိုပြီး အရေးကြီးတဲ့စာမေးပွဲတစ်ပွဲရှိပါတယ်။ ဘာစာမေးပွဲလဲ ဆိုတော့တစ်ဒင်္ဂအတွက်မဟုတ်ပဲနဲ့ ထာဝရအတွက် စာမေးပွဲပဲဖြစ်ပါတယ်။ ဒီစာမေးပွဲနဲ့ပတ်သက်ပြီး၊ သင်ရိုးညွှန်းတမ်းလည်း ရှိထားပြီးသား



ဖြစ်ပါတယ်။ ပိုပြီး ကျွန်ုပ်တို့အတွက် လွယ်ကူတာကတော့ အဲဒီထာဝရအတွက် မေးမဲ့မေးခွန်းတွေကိုလည်း ပြောထားပြီးသားဖြစ်ပါတယ်။ ဘယ်လောက်တောင်မှ ကျွန်ုပ်တို့ အတွက်ပြင်ရဆင်ရတာ လွယ်ကူအောင် ဘုရားသခင်က ဒီကဲ့သို့ ၏ ဖန်တီးပေးထားတာ ဖြစ်ပါတယ်။

နောက်ဆုံးစီရင် စစ်ကြောခြင်းမှာ စစ်ဆေးမဲ့အရာဟာ တအားကြီးခက်ခဲတဲ့ မေးခွန်းတော့မဟုတ်ပါဘူး။ လူမျိုးမရွေး၊ အဆင့်အတန်းမရွေး ဖြေလို့ရနိုင်တဲ့ လွယ်ကူတဲ့မေးခွန်းဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ကဖြေတဲ့သူအားလုံး အောင်စေချင်လို့ပဲ ဖြစ်ပါတယ်။ ပိုက်ဆံမရှိတဲ့သူလည်းဖြေလို့ တတ်ရမယ်။ စာမတတ်တဲ့သူလည်းဖြေလို့ ရနိုင်တဲ့



မေးခွန်းတွေပဲဖြစ်ပါတယ်။ မေးခွန်းဟာ ဘာအပေါ်မှာအခြေခံလည်းဆိုတော့ "Simple deeds of Mercy" လို့ခေါ်တဲ့သနားခြင်းကို အခြေခံပြီး လုပ်ဆောင်ခဲ့တဲ့ အလုပ်အပေါ်အခြေခံတဲ့ မေးခွန်းတွေပဲဖြစ်ပါတယ်။ သနားခြင်းကို အခြေခံပြီးပြောတဲ့စကား၊ သနားခြင်းကို အခြေခံပြီးလုပ်တဲ့အလုပ်တွေ၊ အဲ့ဒီအပေါ်မှာစစ်ဆေးမှာဖြစ်ပါတယ်။ တကယ်တော့ ရိုးသားတဲ့ အလုပ်တွေဟာ လူ့ရဲ့နှလုံးသားကိုထိစေပါတယ်။ ရိုးသားဖြူစင်တဲ့အပြော၊ အလုပ်တွေဟာ သူတပါးဆီကိုရောက်သွားပြန်တော့လည်းပဲ သူတစ်ပါး စွဲကျန်ရစ်စေတဲ့အရာတွေပဲဖြစ်ပါတယ်။ ရိုးသားတဲ့သူ၊ ဖြူစင်တဲ့သူတွေရဲ့ သနားကြင်နာခြင်းနဲ့ ဆက်နွယ်တဲ့အပြော၊ အလုပ်၊ အပြုံးတွေဟာ တပါးသူရဲ့မျှော်လင့်ခြင်းကိုပြန်လည်ရှင်သန်စေပါတယ်။

ယနေ့ရိုးသားတဲ့သူတွေ၊ သဘောထားဖြူစင်တဲ့သူတွေ၊ သနားတတ်တဲ့သူတွေ၊ ချစ်ခြင်းမေတ္တာပြနိုင်တဲ့သူတွေ အများကြီးရှိမှာပါ။ ယခုကြေးစည် စာစောင်ကိုဖတ်နေတဲ့ပုဂ္ဂိုလ်လဲပဲ ရိုးသားဖြူစင်၊ ချစ်ခြင်းမေတ္တာပြည့်ဝပြီးသနားခြင်းပြည့်ဝတဲ့သူတစ်ယောက်ဖြစ်တယ်ဆိုတာကိုကျွန်တော်လက်ခံယုံကြည်ပါတယ်။ ခုဏပြောတဲ့ရိုးတဲ့သူတွေ၊ ဖြူစင်တဲ့သူတွေ၊ သနားတတ်တဲ့သူတွေ၊ ကိုယ်ချင်းစာတတ်တဲ့သူတွေဟာ သူတို့နှလုံးသားနဲ့ သူတို့ကိုယ်ကို သူများအတွက် ပေးတဲ့သူတွေပဲဖြစ်ပါတယ်။ "They are the persons given off themselves and their hearts".

သေလွန်သွားကြတဲ့ ကျွန်တော်တို့ ချစ်တဲ့မိဘကျေးဇူးရှင်တွေ၊ အသိမိတ်ဆွေတွေ၊ ကျေးဇူးရှင်တွေကို ကျွန်တော်တို့ သတိယလွမ်းဆွတ်ကြရပါတယ်။ ဘာကြောင့်လဲဆိုတော့က သေသေချာချာ စဉ်းစားကြည့်ရင်



သူတို့ဟာ လောကမှာ နေစဉ်အောင်မြင်ကျော်ကြားနာမည်ကြီး ခဲ့တဲ့သူတွေတော့ ဟုတ်ချင်မှဟုတ်မယ်။ သူတို့ရဲ့ချမ်းသာကြွယ်ဝမှုကြောင့် ကျွန်တော်တို့လွမ်းဆွတ်သတိယတာလဲ မဟုတ်ဘူး။ ကျွန်တော်တို့ကိုပေးကမ်းစွန့်ကြဲခဲ့လို့ ကျွန်တော်တို့ သူတို့ကိုသတိယနေတာလဲ မဟုတ်ဘူး။

ကျွန်တော်တို့ကိုအဓိက သတိယစေတဲ့ အကြောင်းရင်းကတော့ သူတို့ရဲ့ ကျွန်တော်တို့အပေါ် ပေးခဲ့တဲ့ ကြင်နာသနားခြင်းကြောင့်၊ သူတို့ရဲ့ရိုးသားတဲ့ ကရုဏာစိတ်ကြောင့်၊ ကျွန်တော်တို့အပေါ်မှာထားရှိတဲ့ချစ်ခြင်း၊ ကြင်နာခြင်း၊ ဂရုစိုက်ခြင်း၊ ကိုယ်ချင်းစာခြင်းတွေကို ကျွန်တော်တို့ကိုယ်တိုင် မြည်းစမ်းခံစားခဲ့ရသည့်အတွက်ကြောင့်၊ ယနေ့သူတို့ မရှိတော့တဲ့နောက်ပိုင်းမှာ သူတို့ရဲ့ကြင်နာမှုတွေကိုပြန်ပြီး လွမ်းဆွတ်တမ်းတခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့မိဘ၊ ဘိုးဘွား၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်း၊ သူတို့ပြသခဲ့တဲ့ကြင်နာမှု၊ သနားခြင်းတွေ ချစ်ခြင်းတွေကိုပြန် သတိယကြမှာပါ။

စာဆိုတစ်ခုရှိပါတယ်။ ဘယ်လိုလဲဆိုတော့ "Love is not love, until you give it away" ချစ်ခြင်းဆိုတာ သူတပါးကို မပေးလိုက်မချင်း၊ ချစ်ခြင်းဟာ ချစ်ခြင်းလို့ မခေါ်ဘူးလို့ပြောထားပါတယ်။ သူတစ်ပါးကိုပေးနိုင်တဲ့အရာတွေထဲမှာ အကောင်းဆုံးနဲ့တန်ဖိုးအရှိဆုံးအရာဟာ ဘာလဲဆိုတော့ချစ်ခြင်းမေတ္တာပဲ ဖြစ်ပါတယ်။ ငွေကြေးတွေမဟုတ်၊ ပစ္စည်းဥစ္စာတွေမဟုတ်ဘူး၊ စည်းစိမ်ခနတွေမဟုတ်ဘူး၊ လောကီဇိမ်ခံမှုအတွက်ပေးတဲ့အရာတွေလည်း မဟုတ်ဘူး။ ပစ္စည်းမဟုတ်ဘူး၊ ချစ်ခြင်းမေတ္တာပဲဖြစ်တယ်။ တကယ့်လက်ဆောင်ဆိုတာ မိမိပေးတဲ့မိမိရဲ့ အချိန်၊ မိမိရဲ့ဂရုစိုက်မှုတွေ၊ မိမိရဲ့အကူအညီ၊ မိမိရဲ့အားပေးမှုနဲ့သူရဲ့မိတ်ဆွေအဖြစ် မိမိကိုယ်ကိုပေးခြင်းဟာ တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်တစ်ခုဖြစ်ပါတယ်။

ဒါကြောင့်မို့ (သံမာတေဦး ၂၅း ၃၄) ထဲမှာ ဘယ်လိုရေးထားသလဲဆိုတော့ "ငါ၏ ခမည်းတော်ထံမှ ကောင်းကြီးတော်ခံရသော သူတို့လာကြလော့။ ကမ္ဘာဦးကပင် သင်တို့အတွက်ပြင်ဆင်ထားသော နိုင်ငံကိုအမွေခံကြလော့။" လို့ရေးထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သင်သည် အသိမ်ငယ်ဆုံးသော ငါ၏ညီအစ်ကိုကို သင်ပြုစုခဲ့သောကြောင့်ဖြစ်တယ်လို့ ပြောခြင်းဖြစ်ပါတယ်။

စာမျက်နှာ - ၁၀ သို့ ➤




# မြန်မာနိုင်ငံကက်သလစ်သူတော်စင်များ၏(၇၈)ကြိမ်မြောက်ညီလာခံ

မြန်မာနိုင်ငံကက်သလစ်သူတော်စင်များ နှစ်စဉ်တွေ့ဆုံဆွေးနွေးခြင်းညီလာခံကို တစ်နှစ်လျှင် နှစ်ကြိမ် ပြုလုပ်ကျင်းပကြသည်။ ယခုနှစ်တွင် ပထမအကြိမ်ပြုလုပ် ကျင်းပသော (၇၈) ကြိမ်မြောက်ညီလာခံကို ၂၀၁၉၊ ဇန္နဝါရီ ၄ ရက် မှ ၆ ရက်နေ့အထိ၊ မြန်မာနိုင်ငံကက်သလစ် သူတော်စင်များအဖွဲ့ချုပ် (CRCM) တွင် ၃ ရက်တာ ကျင်းပခဲ့ပါသည်။ ထိုညီလာခံသို့ သူတော်စင်စုစုပေါင်း (၄၁) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး၏ ဆောင်ပုဒ်မှာ "Prophetic Role of Religious Life in today world." ဖြစ်ပါသည်။ ညီလာခံကို Fr. Livio Maggi, PIME မှဦးဆောင်သော မစ္ဆားတရားတော်မြတ်ဖြင့် စတင်ခဲ့ပြီး Br. Noel Hrang Lal (FSC) (မြန်မာနိုင်ငံကက်သလစ် သူတော်စင်များ၏ ဥက္ကဋ္ဌ) မှ တက်ရောက်လာသူများ၊ အထူးသဖြင့် အကြီးအကဲတာဝန်ယူပြီး ပထမအကြိမ် အစည်းအဝေး တတ်ရောက်လာသော သူတော်စင်များအား နွေးထွေးစွာ ကြိုဆိုခဲ့ပါသည်။



ပထမနေ့တွင် ဖိတ်ကြားထားသော Fr. Deniele Magga, PIME မှ အဖရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၏ စာချွန်တော်၊ ဖြစ်သည့်ယနေ့ကမ္ဘာလောကတွင် သူတော်စင် ပီသစွာနေထိုင်ရန် ဖိတ်ခေါ်ခြင်းခံရမှုကိုအခြေခံပြီး၊ ညီလာခံဆောင်ပုဒ်နှင့်အညီသူတော်စင်များ အနေဖြင့် လက်ရှိအသက်တာတွင် သန့်ရှင်းစင်ကြယ်စွာနေထိုင်ရန် ခေါ်တော်မူကြောင်း၊ ထိုသို့သန့်ရှင်းဖြူစင်ခြင်းကို မိမိတို့တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း အဖွဲ့အစည်းများတွင်သော်လည်းကောင်း၊ တာဝန်ရှိအကြီးအကဲ အနေဖြင့်သော်လည်းကောင်း၊ ကျင့်ကြံနေထိုင်ရန်လိုအပ်ကြောင်း ဝေမျှသွားခဲ့သည်။

ဒုတိယနေ့နံနက်ပိုင်းတွင် သူတော်စင်အဖွဲ့ချုပ်၏ အတိုင်ပင်ခံအဖွဲ့ဝင်ဖြစ်သော Fr. Robert Huaza Mung, MSP ၏ ကိုယ်စား Sr. Ashwena C.Apao, MSSC အား အဖွဲ့



ဝင်သစ်အဖြစ် ရွေးချယ်ခဲ့သည်။ ၎င်းနောက် တက်ရောက်လာသော သူတော်စင်အကြီးအကဲများမှ CRCM Statute ကိုအတူတကွ ပြန်လည်သုံးသပ်ဆွေးနွေး တိုင်ပင်ခဲ့ကြပြီး၊ ဒုတိယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံ ကက်သလစ်သူတော်စင်များ အဖွဲ့ချုပ်၏ ကဏ္ဍအသီးသီးအတွက် ဖွဲ့စည်းထားသော၊ အဖွဲ့အသီးသီးတို့ မှ မိမိတို့၏ (၆) လတာလုပ်ရှားမှု၊ အစီရင်ခံစာများကို တင်ပြကြသည်။



တတိယနေ့တွင် ဆရာတော် Justine Saw Min Thide မှ မစ္ဆားတရားတော်မြတ်ကိုပူဇော်ပေးပြီး သူတော်စင်များကို အားပေးစကားပြောကြားခဲ့သည်။ ထို့နောက် နံနက်စာကို အတူတကွသုံးဆောင်၍ အချင်းချင်းနှီးနှောဖလှယ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ၎င်းနောက် ပြန်လည် ရေးဆွဲသော (အသင်းသားများ လိုက်နာရမည့် ဥပဒေ) CRCM Statute ကို တစ်ညီတစ်ညွတ်တည်း သဘောတူညီခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ်၏ ကလေးသူငယ်နှင့် ထိခိုက်လွယ် လူကြီးများဆိုင်ရာ မူဝါဒနှင့်ပတ်သက်ပြီး အမြင်ဖွင့်သင်တန်းကို မေလ(၄) ရက်နေ့မှ (၅)ရက် နေ့အထိ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးတို့တွင်၊ တပြိုင်တည်းပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် (၇၉)ကြိမ်မြောက် ညီလာခံတွင် လိုအပ်ရာများကို တိုင်ပင်ဆွေးနွေးပြီး၊ သခင်ယေရှု စီရင်ထားသောမေတ္တာကို အတူတကွ ရွတ်ဆိုကာ ညီလာခံကို အဆုံးသက်ခဲ့ပါသည်။

**Sr. Assumpta Shwe, RGS**
**Executive Secretary**
(CRCM)

**နောက်ဆုံးစီရင်**
**စစ်ကြောခြင်း မှ . . အဆက်**

မေးခွန်းလေးတစ်ခွန်းလောက်မေးခွင့်ပြုပါ။ အခုစာဖတ်သူအနေနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်လောက်က စာဖတ်သူဘယ်မှာရှိသလဲ။ လာမည့်နှစ်တစ်ရာကျရင်ကော စာဖတ်သူဘယ်မှာရှိမလဲ။ အဲ့ဒီအဖြေကိုပေးနိုင်သလား။ မပေးနိုင်စရာ အကြောင်းမရှိဘူး။ ပေးနိုင်ကြမှာပါ။

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀) တုန်းက ဘယ်မှာရှိသလဲဆိုတာ မပြောနိုင်ပေမဲ့၊ လာမဲ့ နှစ်ပေါင်း (၁၀၀) ကျလို့ရှိရင် သင်ဘယ်မှာ ရှိနိုင်သလဲဆိုတာ ပြောနိုင်မှာပါ။ ဘာဖြစ်လို့ ကိုယ့်ရဲ့အနာဂတ်ကို ကြိုတင်ပြောနိုင် ကြရမှာ



လဲဆိုတော့ ကိုယ့်ရဲ့ပစ္စုပ္ပန်ကိုချစ်ခြင်းမေတ္တာ အပြည့်အဝနဲ့ ရှင်သန်နေလို့ပဲ ဖြစ်တယ်။ ကိုယ့်ရဲ့ပစ္စုပ္ပန်ကို သနားခြင်း အပြည့်အဝနဲ့ ရှင်သန်နေလို့ပဲဖြစ်တယ်။ ကိုယ့်ရဲ့ပစ္စုပ္ပန်ကို သူများတွေအတွက်ပဲ စဉ်းစားပေးလို့ပဲဖြစ်တယ်။ ကိုယ့်ရဲ့ပစ္စုပ္ပန်ကို အငယ်ဆုံးသောကျွန်ုပ်တို့၏ ညီအစ်ကိုကို အကောင်းဆုံးပေးဆက်ကူညီခဲ့ လို့ပဲဖြစ်တယ်။ ဒါကြောင့်ကိုယ့်ရဲ့ အနာဂါတ် သည် ကောင်းကင်နိုင်ငံမှာ၊ လာမဲ့နှစ်ပေါင်း တစ်ရာမှာ အာမခံရရှိနိုင်ကြရမှာဖြစ်တယ်။

ဒါကြောင့် စာဖတ်သူမိတ်ဆွေများတို့ ဒီကြေးစည်စာစောင်ကို ဖတ်ရှုခြင်းအားဖြင့် သင်တို့ရဲ့ဝိညာဉ်ရေးဆိုင်ရာ အသိတရားများ ပိုမိုကြွယ်ဝလာပြီးတဲ့နောက် ကျန်ရှိသောလောကရဲ့အသက်တာအနာဂတ်မှာ၊ ကောင်းကင် နိုင်ငံရိက္ခာအတွက် ပြင်ဆင်စုဆောင်းထား သောပစ္စုပ္ပန်တစ်ခုကို ဆက်လက်ရှင်သန် နိုင်ကြပါစေရန် ဆုတောင်းမေတ္တာ ပို့ပေးလိုက် ပါတယ်။

ချစ်ခြင်းမေတ္တာများစွာဖြင့်---

**ဂျွန်မန်းဆိမ်းဟို**
(ဆရာတော်)
ပုသိမ်သာသနာ





# အကယ်၍ကျွန်ုပ်တို့ ပစ္စုပ္ပန်ကာလ၌အသက်ရှင်နေထိုင်ပါလျှင်...

ပစ္စုပ္ပန်ကာလ၌ သက်ရှင်နေထိုင်ခြင်းက ကျွန်ုပ်တို့ လုပ်ဆောင်လိုသည့်အရာအား ကောင်းစွာ လုပ်ဆောင်နိုင်ဖို့ အထောက်အကူဖြစ်စေပါသည်။

ပစ္စုပ္ပန်ကာလ၌ သက်ရှင်နေထိုင်ခြင်းသည် ကျွန်ုပ်တို့လက်ဝါးကပ်တိုင်များအားထမ်းရလွယ်ကူလာစေပါသည်။

ပစ္စုပ္ပန်ကာလ၌ အသက်ရှင် နေထိုင်ကြသည့် အခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏အသံတော်နှင့်လက်ရှိ သိသာမြင်သာသော ကိုယ်တော်ရှင်၏ ကျေးဇူးတော်တို့ကို ပို၍ဂရုပြုမိ လာကြပါသည်။

ပစ္စုပ္ပန်ကာလ၌ သက်ရှင်နေထိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် သန့်စင်မွန်မြတ်လာနိုင်ပါသည်။

ရဟန္တာဖရန်စစ်ဒီဆေးလ်က "**အချိန်အခါ တိုင်းသည် အမိန့်တော်ကိုနာခံလျှက် ကျွန်ုပ်တို့ ကြိုးစားစိုက်ထုတ်ခဲ့သမျှ အရာအားလုံးသည် ထာဝရတည်နေပေလိမ့်မည်။**" ဟု ပြောကြားခဲ့ပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်ကာလ၌ အသက်ရှင်နေထိုင်ကြပါစို့။ ထိုကာလ၌ အပြည့်အဝနေထိုင်ကြပါစို့။ ထို့နောက် နေ့စဉ် တစ်နေ့တာကုန်ဆုံးချိန်တိုင်းနှင့် ကျွန်ုပ်တို့၏ အသက်တာ နေဝင်ချိန်တိုင်းမှာ မိမိတို့ပြုခဲ့သော ကောင်းမှုကုသိုလ်များနှင့်ပြုမူဖေါ်ပြခဲ့သော ချစ်ခြင်းမေတ္တာတို့ဖြင့် ကျွန်ုပ်တို့သည် ပြည့်ဝလျက်ရှိသည်ကို သိမြင်လာပါလိမ့်မည်။

**ခရစ်တော်၌သမ္မာတရား–**

*"ငယ်သောအမှုကိစ္စ၌ သစ္စာရှိသောသူသည် ကြီးသော အမှုကိစ္စ၌လည်း သစ္စာရှိ၏။"* (လုကာ ၁၆း ၁၀)

သမ္မာကျမ်းစာတော်မြတ်က ကျွန်ုပ်တို့အားသေးငယ်သော အမှုများကိုပင် ကောင်းစွာလုပ်ဆောင်ဖို့သွန်သင်ပါသည်။ ထိုသို့ပြုတတ်ခြင်းက စိတ်ရောကိုယ်ပါလုပ်ဆောင်တတ်သူတို့၏အရည်အသွေးမျိုးဖြစ်ပြီး လက်ရှိအချိန်တွင် ဤသို့လုပ်ဆောင်ကြရန်ဘုရားသခင်က တောင်းဆိုနေပါသည်။

လက်ရှိအချိန်တွင်အသက်ရှင်နေထိုင်ပါလျှင်ဘုရားသခင်သည်လည်းကျွန်ုပ်တို့၏အလယ်တွင် ကိန်းဝပ် တည်နေပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အလယ်တွင်ကိန်းဝပ်တည်နေသည့်အခါ




မေတ္တာကရုဏာတရားသည် ကျွန်ုပ်တို့တွင်ရှိလာသည်။ လက်ရှိကာလတွင်အသက်ရှင်နေထိုင်သူတို့သည် အမြင့်ဆုံးသော စစ်မှန်သည့် ချစ်ခြင်းမေတ္တာတရားနှင့် ပြည့်ဝလျက်ရှိသဖြင့် စိတ်ရှည်၏။ လုံ့လရှိ၏။ သိမ်မွေ့နူးညံ့၏။ အရာရာ၌ စွဲလမ်းခြင်းမရှိ၊ ဖြူစင်ပြီး သနားဂရုဏာစိတ်ရှိ၏။ ထိုသူတို့သည် စိတ်နှလုံးအကြွင်းမဲ့၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှနှင့် ဘုရားသခင်ကို ချစ်ကြ၏။ ထိုသူတို့သည်သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုဖြင့် ရူပါရုံအလင်းအသိအမြင်ကြွယ်ဝကြ၏။ ထိုသူတို့သည် တစ်ပါးသူတို့အား ပြစ်တင် ဝေဖန်ခြင်း (သို့မဟုတ်) မကောင်းစိတ်ထားခြင်းမျိုးမရှိသည့် အပြင်ကိုယ်နှင့် နီးစပ်သူတို့အား ကိုယ်နှင့်အမျှ ချစ်တတ်ကြ၏။ သူတို့သည် သမ္မာကျမ်းစာတော်မြတ်ထဲမှ ''သင်၏လက်ယာဘက်ပါးကို ရိုက်ပုတ်သောသူအား ကျန်ပါးတစ်ဖက်ကိုလည်း လှည့်၍ပေးဦးလော့။ သင့်ကို အနိုင်အထက်ပြု၍ ခရီးတစ်မိုင်သွားစေလျှင် ထိုသူနှင့်အတူနှစ်မိုင်သွားဦးလော့'' (မာတေဦး ၅း ၄၁) တွင် သာမန်မဟုတ်သည့် သွန်သင်ချက်တို့ဖြင့်ခွန်အားယူတတ်ကြသည်။

မကြာခဏဆိုသလိုလည်း ဆီဇာနှင့်ဆိုင်ရာကို ဆီဇာအားလည်းကောင်း ပေးဆက်ကြလော့။ (မာတေဦး ၂၂း၂၁) ဆို သည့်ကျမ်းပိုက်နှင့်အညီ သူတို့သည်လည်း စစ်မှန်သောနိုင်ငံသားကောင်းများပီပီနိုင်ငံတော်အတွက် ၎င်းတို့၏ တာဝန်ဝတ္တရားများကိုကျေပွန်စွာကျိုးပမ်းထမ်းရွက်တတ် ကြပါသည်။

အချုပ်ဆိုရသော် လက်ရှိကာလတွင် အသက်ရှင်နေထိုင်သူတို့သည် ခရစ်တော်၏လမ်းခရီး၊ အသက်တာနှင့်သမ္မာတရားတော်၌တည်သော သူများပင်ဖြစ်သည်။

ဤသည်ကား ကျွန်ုပ်တို့အသက်ရှင်ရပ်တည် နေသောအချိန်ကာလအားပြည့်ပြည့်ဝဝ နေထိုင်သွားလိုသောတမ်းတမှုကိုလုံးဝ ကျေနပ်မှုပေးပါသည်။

ကယားရာလူးဘစ်၏
ထောက်ရှုဆင်ခြင်ချက်
(**ပစ္စုပ္ပန်တည်းဟူသောလက်ဆောင်တော်မှ**)


The Future starts today.
not tomorrow.
St. John Paul II


"If you can't feed a hundred people, then feed *just one.*"
-Mother Teresa, 1910


တုရားစကားသင်တန်းတစ်ခု၏အားလပ်ချိန်ဖြစ်ပါသည်။
သူငယ်ချင်းနှစ်ဦးအပြန်အလှန်စကားပြောရင်းအနားယူနေကြသည်။
နန့်ဂျူလိုင်အေး၊ ကာတွန်း - အိမ်တုန်း (SFX)



# လေစိမ်းလေညှိုတိုက်နေတယ်

ခါတိုင်းလိုကျွယ် ကိုယ်လေလိုလား စိတ်ဝင်စားစွာ
ဆုတောင်းလိုစိတ် ဆိတ်သုဉ်းနေခဲ့။

ဘုရားကျောင်းထဲ ဝင်သော်ငြားလည်း
အေးဆေး မတုံ့လှုပ်
ကျောက်ရုပ်သဖွယ် မှိန်လို့နေစဉ်
ရှေ့တွင်တည်နေ ယေရှုရှင်အား
ဘာစကားမှ မဆိုမိတာ အခါခါပဲ။

အရင်ကလို ရှေ့ကိုရည်သန် လုပ်ငန်းမှန်သမျှ
ဖွင့်ဟတိုင်ပင် ပြောဆိုရန်ပင် အင်အားမရှိပါ
ဥပက္ခာမှု လွှမ်းလျှုံခဲ့။

အရာတစ်ခု ရှိလို့လာလဲ
ရင်ထဲမြှုတ်ဆို ကျေးဇူးတော်ကို
ပေါ်လိုစိတ်များ လျော့ပါးလာခဲ့။

ယေရှုချစ်ခြင်း နှလုံးတွင်းက
အစဉ်ငါ့အတွက် ကြိုးစားလှလည်း
မသိကြိုးကြံ မှုနေခဲ့။

ပေးထားပုံးမိ ကတိများစွာ
ကြိုးစားပါမည် ဆိုတာတွေလည်း
မေ့ပျောက်သွားခဲ့။

အချိုးလေးများ ပြောင်းလဲလို့လာ
တဖြည်းဖြည်းနဲ့ ရင်းနှီးမှုပါး ဝေးသွားကြနိုး
နိုးကြားစကာအခါ ယေရှုရှင်နဲ့ ကိုယ့်ကြားမှာကျွယ်
... လေစိမ်းလေးတွေ တိုက်နေတယ်....။

အင်ဝိုင်းပန် (SJA)

# Bible Game သမ္မာကျမ်းစာတော်မြတ်ထဲက စုံတွဲလေးတွေကို စိတ်ဝင်စားကြတဲ့သူတွေရှိလား....

## စုံတွဲလေးတွေရှာကြည့် အဖြေညှိကြည့်ရအောင်လေ..



# BIBLE SWEETHEARTS
## *Match Game*

Connect the men on the left to their sweethearts on the right.

| | | | |
|---|---|---|---|
| 1. ADAM | & | ________ | A. SARAH |
| 2. JOSEPH | & | ________ | B. NAOMI |
| 3. SAMPSON | & | ________ | C. REBECKAH |
| 4. ABRAHAM | & | ________ | D. RACHEL |
| 5. ZACHARIAS | & | ________ | E. JEZEBEL |
| 6. BOAZ | & | ________ | F. SAPPHIRA |
| 7. URIAH | & | ________ | G. DRUSILLA |
| 8. NABAL | & | ________ | H. EVE |
| 9. JACOB | & | ________ | I. MARY |
| 10. AHAB | & | ________ | J. DELILAH |
| 11. FELIX | & | ________ | K. ABIGAIL |
| 12. HEBER | & | ________ | L. BATHSHEBA |
| 13. ISAAC | & | ________ | M. RAHAB |
| 14. ANANIAS | & | ________ | N. RUTH |
| 15. ELIMELECH | & | ________ | O. JAEL |
| | | | P. ELISABETH |



1. H - EVE
2. I - MARY
3. J - DELILAH
4. A - SARAH
5. P - ELISABETH
6. N - RUTH
7. L - BATHSHEBA
8. K - ABIGAIL
9. D - RACHEL
10. E - JEZEBEL
11. G - DRUSILLA
12. O - JAEL
13. C - REBECKAH
14. F - SAPPHIRA
15. B - NAOMI




## စိတ်ယုတ်၏ဆိုးကျိုး. . .

မကောင်းသောစိတ်ထားသည် အပြစ်ဖြစ်ပါသည်။ ထိုစိတ်ထားသည် ညီအစ်ကိုမောင်နှမများ အချင်းချင်းအပေါ် ခါးသီးစိတ်များကို မွေးဖွားအားကောင်းစေပါသည်။ ကျွန်ုပ်တို့၏ပျော်ရွှင်မှုများကိုလည်း လျှော့နည်းပွန်းပဲ့သွားစေသကဲ့သို့ ဘုရားရှင်အား မှန်ကန်စွာချီးမွမ်းတတ်ခြင်းမှုလည်း သွေဖီသွားစေပါသည်။ ခရစ်ယာန်အသင်းအဖွဲ့တစ်ခု၌ ဤစိတ်ဓာတ်စွဲကပ်သေူရှိပါက ထိုအဖွဲ့သည် တစ်ဦးနှင့်တစ်ဦး သဘောထားမတိုက်ဆိုင်နိုင်ဘဲ၊ နောက်ဆုံး၌ပြိုကွဲခြင်းဖြင့်အဆုံးသတ်သွားရပေမည်။ ဤစိတ်ဓာတ်သည် အလွန်ပြင်းသောအဆိပ်ဖြစ်သည်ကို ကိန္နဖြစ်စဉ်အကြောင်း၊ ရေးသားထားသော သမ္မာကျမ်းစာ၏ ပထမဆုံးစာမျက်နှာတွင်တွေ့ရပါသည်။

## ေစာလုဘုရင်၏ယုတ်မာသောစိတ်ထား. . .

အီစ္စရေးလူမျိုးတို့၏ ပထဦးဆုံးဘုရင်ဖြစ်သော ေစာလုဘုရင်သည် ဖိလစ္စတင်းလူမျိုး၏စစ်သူရဲကြီး ဂေါလိယကိုသတ်ပြီး၊ အနိုင်ရအောင်ယူပေးခဲ့သော ဒေးဗစ်အား သတ်ရန်ကြံစည်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေးဗစ်၏အောင်မြင်မှုကို အီစ္စရေးအမျိုးသမီးများက ချီးမွမ်းဩဘာပေးခဲ့ကြပါသည်။ ထိုအသံသည် ေစာလုဘုရင်အတွက်၊ နားစည်ထဲသို့သံရည်ပူလောင်းထည့်လိုက်သကဲ့သို့ခံရဆိုးလှပါသည်။ ထို့ကြောင့် ေစာလု၏ပျော်ရွှင်ခြင်းသည် တမဟုတ်ချင်း၊ ဝမ်းနည်းစိတ်ဖြစ်ပေါ် ခံစားရပြီး၊ ထိုမှတဆင့်မနာလိုဝန်တိုစိတ်အဖြစ်သို့ပြောင်းလဲ သွားခဲ့ပါသည်။

ဒေးဗစ်၏အောင်မြင်မှုသည် ေစာလုအား ယုတ်ညံ့သောစိတ်ဓာတ်ဝင်အောင် လုံးဝပြောင်းလဲသွားစေခဲ့ပါတော့သည်။ ကိန္နသည် မိမိညီအာဗေလ၏ ပူဇော်ခြင်းကို ဘုရားသခင်နှစ်သက်လက်ခံသည်ကို မြင်တွေ့ရသောအခါ မနာလိုမရှုဆိတ်သောပိုးသည် သူ၏နှလုံးသားထဲသို့ဝင် ရောက်သွားပြီး၊ နောက်ဆုံး၌ တစ်အူတုံဆင်းညီအရင်းအား ရက်ရက်စက်စက်သတ်ဖြစ်ခဲ့သည်အထိ ဖြစ်ခဲ့ပါသည်။ ဤ စိတ်ဓာတ်သည် မိမိထက်သာလွန်သော ညီအစ်ကို

မောင်နှမများအား မရှုဆိတ်သော စိတ်ဓာတ် မွေးဖွားစေရာမှ၊ ဖျက်ဆီးသည်အထိ ဖြစ်လာစေပါသည်။

## မကောင်းမှုဝင်ရောက်ရန်လိုင်စင်မဲ့ တံခါးပေါက်ဖွင့်ထားခြင်း. . .

စောလုဘုရင်အနေဖြင့် ဒေးဗစ်စွမ်းဆောင်ပေးခဲ့သော အောင်မြင်မှုကို အီစ္စရေးအမျိုးသမီးများကဲ့သို့ ဝမ်းသာဂုဏ်ယူရမည့်အစား၊ သိမ်ငယ်စိတ်ဝင်ပြီး၊ ထိုစိတ်ဓာတ်ကို ထိုနေရာ၌သာ အတောမသတ်ဘဲ၊ ဆန္ဒကိုဦးစားပေးခဲ့ပါသည်။ ထိုဆန္ဒ၏အကျိုးဆက်မှာ လူသတ်မှုကို ကျူးလွန်ရန် အခြေအနေဖြစ်စေခဲ့ပါသည်။ သူတစ်ပါး ကောင်းစားသည်ကို မရှုဆိတ်သော စိတ်ဓာတ်ဆိုးသည်လည်း လူသတ်မှုကိုဖြစ်စေခဲ့ပါသည်။ ဤမနာလိုမရှုဆိတ်သော စိတ်ဓာတ်တံခါးပေါက်မှနတ်ဆိုးသည်ကမ္ဘာကြီးထဲသို့ခြေချခွင့်ရနေကြခြင်းဖြစ်ပါသည်။မနာလိုမရှုဆိတ်သောစိတ်ဓာတ်သည်မကောင်းမှုအားလုံးကိုဝင်ခွင့်ပြုသော လိုင်စင်မဲ့တံခါးပေါက်ဖြစ်ပါသည်။

## မကောင်းသောစိတ်ကိုပျိုးကြဲကြသူများ . .

မနာလိုဝန်တိုစိတ် ကြီးစိုးလွှမ်းမိုးနေသူများ၏ ဘဝ၌၊ ရှင်းလင်းပြတ်သားစွာ မြင်တွေ့နိုင်သော အချက်နှစ်ချက်ရှိပါသည်။

ပထမတစ်ချက်မှာ သူတစ်ပါး ကောင်းစားသည်ကိုမနာလိုမရှုဆိတ်ဖြစ်တတ်သူ၊ သီချင်းမဆိုတတ်သူ၊ မချီးမွမ်းတတ်သူ (သို့) ပျော်ရွှင်မှုသည် အဘယ်အရာဖြစ်သည်ကို မသိသူဖြစ်ပါသည်။ ဤလူစားမျိုးသည် မိမိ၌ရှိသောအရာများကို မမြင်နိုင်ပဲ၊ သူတစ်ပါး၌ ရှိသည်များကိုသာကြည့်ပြီး၊ ခံပြင်းနေကြသူများ ဖြစ်ကြသည်။ ထိုခါးသီးသော ခံစားချက်များကို အသင်းအဖွဲ့အတွင်း၌လည်းပျံ့သွားအောင် လုပ်ဆောင်တတ်သူများ ဖြစ်ပါသည်။ ဤသူများကို ခါးသီးမှုများကိုပျိုးသူများဟု တံဆိပ်တပ်ပေးရမည် ဖြစ်ပါသည်။

ဒုတိယအုပ်စုမှာ မြေနိမ့် ရာ၊ လုံ့စိုက်ပြီး၊ အမှတ်ယူတတ် သောလူစားမျိုးဖြစ်ပါသည်။ စိတ်ကောင်းမရှိခြင်း၏ လက္ခဏာဖြစ်သည်။ အတင်းအဖျင်း ပြောတတ်ခြင်းသည် ဤအုပ်စုဝင်သူများ၏လက်နက်ပုန်းဖြစ်ပါသည်။ အတင်းအဖျင်းပြောဆိုခြင်းသည်လည်း အဖွဲ့အစည်းကို







ပြိုကွဲစေပါသည်။ ဖျက်ဆီးပစ်ပါသည်။ မဟုတ်မမှန် ပြောဆိုခြင်းသည်လည်း နတ်ဆိုး၏လက်နက်တစ်စုံဖြစ်ပါသည်။

မင်္ဂလာရှိလှသော ခရစ်ယာန်အသင်းအဖွဲ့ပေါင်းများစွာသည်၊ တည်တည်ငြိမ်ငြိမ်ဖြင့် ခရီးဆက်နေခဲ့ရာမှ အသင်းသူ၊ အသင်းသား တစ်ဦးဦးထံမှ ကူးစက်ပျံ့နှံ့လာသော မနာလိုဝန်တိုသည့် ဗိုင်းရပ်(စ်)ပိုးကြောင့် ပြိုလဲခဲ့ရ၊ ပြိုလုနီးပါးဖြစ်နေကြသော အခြေအနေမျိုးနှင့်ရင်ဆိုင်နေရသည် များလည်းရှိပေမည်။ မနာလိုဝန်တို မှုနှင့်အတူ ဝမ်းနည်းမှု၊ ယူကျုံးမရဖြစ်မှု၊ အတင်းအဖျင်း ပြောဆိုခြင်းများမှ ပေါက်ဖွားလာခဲ့ပါသည်။ စိတ်ကောင်းနှလုံးကောင်း မရှိခြင်းသည် နောက်ဆုံး၌သတ်ဖြတ်ခြင်းကိုဖြစ်စေပါသည်။ ထို့ကြောင့် ခရစ်ယာန်အသင်းအဖွဲ့များအတွင်း၌ မနာလိုဝန်တိုမှုများ မစိုက်မပျိုးမိရစေရန် ဆုတောင်းပေးကြပါစို့။ သို့မှသာ ထိုစိတ်ဓာတ်သည် ကျွန်ုပ်တို့၏ နှလုံးသား၌ (သို့) အသင်းအဖွဲ့၌ အမြစ်တွယ်ခွင့်ရမည်မဟုတ်ပေ။ ထိုသို့အမြစ်တွယ်ခွင့်မရခြင်းဖြင့် ရှေ့ဆက် ကျွန်ုပ်တို့အား ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ဘုရားရှင်အား ချီးမွမ်းဧကျူးနိုင်ပါလိမ့်မည်ဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီးဖရန်စစ်မှ မိန့်ကြားခဲ့ ပါသည်။

ကလေပိုက်

### ကြေးစည်စာစောင်ရုံး

ကက်သလစ်သူတော်စင်များရုံးချုပ်၊
အမှတ် - ၁၁၂ (က)၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

Contacts:
Phone: 09 794511950/
09 400761158/
email: kyesemyanmar@gmail.com

ကြေးစည်စာစောင်တွင် ဘာသာရေးသတင်း၊ လှုပ်ရှားမှုနှင့်မှတ်တမ်းဓါတ်ပုံ၊ ဘုရားဖူးဆောင်းပါး၊ (သုတ၊ ရသ၊ ဓမ္မ) ဆောင်းပါးနှင့် သက်သေခံဖြစ်ရပ်များ ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

(ဖြစ်နိုင်လျှင်စာမူတွင် အမည်ရင်း၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်ပေးပါရန်မေတ္တာရပ်ခံပါသည်။)

(ကျေးဇူးတင်ပါသည်။)



# အသက်မဲ့သော ယုံကြည်ခြင်း

မချစ်ဘဲပေးလို့ရပေမဲ့ မပေးဘဲချစ်လို့မရဘူးဆိုတဲ့အဆိုတစ်ခုရှိပါတယ်။ ချစ်ခြင်းမပါဘဲနဲ့ တာဝန်အရလုပ်ပေးနိုင်ပေမဲ့ချစ်ပါတယ်ဆိုတာကို စကားတစ်ခုတည်းနဲ့သက်သေပြတာကို ဘယ်သူမှမယုံပါဘူး။ ပေးဆပ်ခြင်းမပါဘဲ ချစ်ခြင်းမမည်ပါဘူး။ အကျင့်မပါဘဲ ယုံကြည်ခြင်းတစ်ခုတည်းနှင့်ကယ်တင်ခြင်းရနိုင်သလား ဆိုတဲ့မေးခွန်းမေးစရာဖြစ်နိုင်ပါတယ်။ ဘာကြောင့်လည်း ဆိုရင် (ရောမသြဝါဒစာ–၃း၂၈)မှာ''ထို့ကြောင့်လူသည် ပညတ်တရား၏ အကျင့်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့်သာလျှင် ဖြောင့်မတ်ခြင်းကို ရောက်နိုင်ကြောင်းကို ငါတို့သိရကြပြီ။''

သမ္မာကျမ်းစာ အမေးအဖြေကဏ္ဍတစ်ခုမှာ ဘယ်လိုဖြေထားသလဲဆို ရင်ဂျူးဘာသာမှ ခရစ်ယာန်ဘာသာကို ပြောင်းလာကြတဲ့သူတွေကို သံပေါလူးက ဆုံးမထားခြင်းဘဲဖြစ်တယ်။ ဂျူးလူမျိုးတွေက ပညတ်ဥပဒေနဲ့ပတ်သတ်ပြီး တသွေမတိမ်း လိုက်နာကျင့်သုံးခြင်းကို ပထမဦးစားပေးနေရာမှာထားခဲ့ကြလို့ဖြစ်တယ်။ ပညတ်ဥပဒေများထက် သခင်ခရစ်တော်ကို ယုံကြည်ခြင်း၌ တည်တံ့ခိုင်မြဲဖို့သွန်သင်ဆုံးမထားတဲ့ ကျမ်းပိုဒ်ဖြစ်ပါတယ်။

ကျမ်းစာရဲ့ အတိမ်အနက် သမိုင်းကြောင်းကိုလည်းသိထားဖို့လိုအပ်သလို မိမိရဲ့ယုံကြည်ခြင်းမှာသံသယဖြစ်စရာများကြုံခဲ့သည်ရှိသော်တတ်သိနားလည်သော ဘာသာရေးပုဂ္ဂိုလ်များကို ချဉ်းကပ်သင့်ပါတယ်။ ဘုရားသခင်ဟာ လူသားတိုင်းအတွက်ကယ်တင်ခြင်းကို ပေးနေတယ်။ ယူတယ်မယူဘူးဆိုတာ ကျွန်ုပ်တို့အပေါ် မူတည်ပါတယ်။ ဘုရားသခင်က ကျွန်ုပ်တို့ အကူအညီမပါဘဲ ဖန်းဆင်းလို့ ရပေမဲ့ ကျွန်ုပ်တို့ ကိုယ်တိုင်မပါဘဲ ကယ်တင်လို့ မရပါဘူး။ အကြောင်းရင်းကတော့လူတွေရဲ့လွတ်လပ်စွာ ရွေးချယ်မှုကိုဘုရားသခင်က တန်ဖိုးထားလို့ဘဲ ဖြစ်တယ်။ ဘုရားသခင်က လူတွေကို ကယ်တင်ခြင်း ရရန် ပညတ်တရားတွေပေးထားပေမဲ့လိုက်ကျင့်တယ်မကျင့်ဘူးဆိုတာကကျွန်ုပ်တို့အပေါ် မူတည်ပါတယ်။ တခါတရံကျွန်ုပ်တို့ရဲ့ နေ့စဉ်ဘဝအသက်တာမှာမစဉ်းစားမဆင်ခြင်ဘဲ သူများယောင်လို့ လိုက်ယောင်တဲ့ အခါတွေရှိတတ်ပါတယ်။ ဘာကြောင့်လဲ ဆိုရင်ကက်သလစ်အသင်းတော်ကိုနှောက်ယှက်လိုသောသဘောနဲ့ ကျမ်းချက်တွေကိုထောက်ပြပြီး အယုံသွင်းဟောပြောခံရတဲ့အခါယုံကြည်ခြင်းကို ယိမ်းယိုင်စေနိုင်ပါတယ်။လေ့လာထောက်ရှုမှုအားနည်းခြင်းနှင့်ကျင့်ကြံအားထုတ်မှု အားနည်းခြင်းက ထိုအဟော အပြောများကြောင့် ယုံကြည်ခြင်းကိုလမ်းလွှဲသွားစေနိုင်ပါတယ်။ တခါတရံမှာလည်း အလွယ်လိုက်ချင်တဲ့ဆန္ဒများလည်းရှိတတ်ပါတယ်။ ကယ်တင်ခြင်းအတွက် မကျင့်လည်း ရပါတယ်။ သူနိုး

တောင်မှသေခါနီး ကောင်းကင်ဝင်ရသေး တာဘဲဆိုတဲ့အတွေး ရှိနိုင်ပါတယ်။ တချို့ လူတွေအတွက် ယုံကြည်ခြင်းကိုသက်သေ ပြ၊ ကျင့်ပြဖို့အတွက် အခွင့်အရေးမရှိခဲ့ကြ ပါဘူး။ ကောင်းတဲ့သူခိုးလို ဘဝမှာအမှား တွေသာကျင်လည်နေခဲ့ပေမဲ့သူ မသေခင် တော့၊ အများအရှေ့မှာ ဘုရားကိုဝန်ခံခဲ့ တယ်။ နောင်တတရားနဲ့ သူ့ရဲ့အမှားကို လည်းဝန်ခံခဲ့တယ်။ သူသိလိုက်ရတဲ့ အချိန် မှာသူဒါလေးဘဲကျင့်နိုင်ခဲ့တယ်။ ကယ်တင် ခြင်းရသွားတယ်။ ဘုရားကျောင်းသွားပြီး ဆုတောင်းစရာမလိုပါဘူး။ ဘုရားက နေရာ တိုင်းမှာရှိပါတယ် ဆိုတဲ့အတွေးက မှန်ခဲ့ရင် ဘုရားကျောင်းဆိုတာ ရှိစရာအကြောင်း

**Sr. Eiphoung** (SFX)
(MIRS)

မရှိပါဘူး။ ငါတို့ဆုတောင်းစရာ မလိုပါဘူး၊ ဘုရားကငါတို့ မတောင်းခင်ကတည်းက ငါတို့ ဘာလိုအပ်သလဲဆိုတာ သူသိပြီးသားပါ ဆိုရင် သခင်ခရစ်တော်လည်း ဆုတောင်းမေတ္တာ သင် ပေးခဲ့စရာအကြောင်း မရှိပါဘူး။ ယုံကြည်ခြင်းဆို တာ မေတ္တာတရားနှင့် ကျင့်ကြံလုပ်ဆောင်ခြင်း ဖြစ်တယ်လို့ဆိုပါတယ်။ ဘုရားသခင်ရဲ့သတင်း ကောင်းကိုကြေညာဟောပြောခြင်း ဆိုတာအမှန် တကယ်လိုအပ်ပေမဲ့ ကိုယ်ကိုယ်တိုင် ကျင့်ကြံခြင်း မပါဘဲ ဟောပြောခြင်းကလည်း ထိရောက်မှုရှိမှာ မဟုတ်ပါဘူး။ "ငါ့ကိုသခင်သခင်ဟု ခေါ်သောသူ တိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ ခမည်းတော်၏အလိုတော်ကို ဆောင်ရွက်သောသူ သာလျှင် ဝင်ရလိမ့်မည်။"(သံမာတေဦး – ရး၂၁) ဒါကြောင့် နေ့စဉ်ရှင်သန်နေရတဲ့ ဘယ်လိုဘဝမျိုး မှာမဆို ကိုယ်ကျရာတာဝန်တွေမှာ ဘုရားရှင်ကို အစဉ်မျက်မှောက်ပြုပြီး၊ ကောင်းသောအကျင့်ပုံစံများဖြင့်နေထိုင်ကျင့်ကြံလျက် ပညတ်တော်များကိုစောင့်ထိန်းရင်း ကယ်တင်ခြင်းသတင်းကောင်းကို ပုံဖော်သွားကြပါစို့။ ကောင်းကင်နိုင်ငံသွားဖို့ သင်္ဘောကြီးကရှိနေပြီ။ သင်္ဘောပေါ်ကို တတ်ဖို့ဆန္ဒကအရေးကြီးပါတယ်။ သင့်ဆန္ဒ မပါရင် ကယ်တင်ခြင်းကသင်နှင့်အလှမ်းဝေး နေအုံးမှာပါ။ ဆန္ဒတစ်ခုတည်းနဲ့ ကမ်းနားဘေးမှာ ထိုင်စောင့်နေရုံနဲ့ဘာမှဖြစ်မလာပါဘူး။ တတ်လှမ်းခြင်းဆိုတဲ့ပါရမီ ကျင့်ကြံခြင်းတွေနဲ့ ကယ်တင်ခြင်းအတွက် သတင်းကောင်းကိုရယူကြပါစို့။



**(အကျင့်မပါသောယုံကြည်ခြင်းသည်အသေဖြစ်၏။)** (Jas 2:17)

ကိုးကားချက်များ—

1. C.f. We Believe (Oscar Lukefahr C.M. P.95)
2. The Bible (New Testament)
3. ဘာသာရေးအမေးအဖြေကဏ္ဍ ( Fr .Richard Hla Min Oo )

# ဘုရားပေးတဲ့ဆုလက်ဆောင်



**လူမှုဆက်သွယ်ရေးသည်ဘုရားသခင်ပေးသောဆုလက်ဆောင်တစ်ခုဖြစ်သည်။ ဝိညာဉ်ရေးဆိုင်ရာလူမှုဆက်သွယ်ရေးသည်သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ အလင်းကျေးဇူးတော်မီးဖြင့်ပေါ်ပြပေးသော အရာများနှင့်လူ့ဘဝအတွေ့အကြုံများကိုအခြားသူများကိုလည်းပြည့်ဝစွာဝေငှပေးသည်။**




ဝိညာဉ်ရေးဆိုင်ရာ လူမှုဆက်သွယ်ရေးသမားများသည် ဘုရားသခင်နှင့်ပွင့်လင်းရန်၊ မိမိကိုယ်ကိုပွင့်လင်းရန်နှင့် အခြားသောသူများကိုလည်း ပွင့်လင်းခြင်းရှိရမည်။ ဆုတောင်းခြင်း အသက်တာအားဖြင့်လည်း ဝိညာဉ်တော်ဘုရားနှင့် ပိုမိုပြည့်ဝသော အသက်တာ၊ ဘုရားသခင်နှင့်ပိုမို ပေါင်းစပ်သည့်အသက်တာကို သန့်ရှင်းသောဝိညာဉ်တော်ဘုရားထံမှ မျှော်လင့်အားကိုးခြင်းဖြင့် ပြည့်ဝစွာသင်ကြားခံရသည်။ လူမှုဆက်သွယ်ရေးသည်ဘုရားသခင်၏ အစီအမံတစိတ်တပိုင်း ဖြစ်ကာ ခင်မင်ရင်းနှီးသောဆက်သွယ်မှုအား တွေ့ကြုံခံစားနိုင်ရန်အဓိကနည်းလမ်းတစ်ခုလည်း ဖြစ်ပေသည်ဟု Pope Francis မှ ဆိုထားပါသည်။

လူမှုဆက်သွယ်ရေးသည် အမှန်တရားအတွက် ဝန်ဆောင်ရန်ဖြစ်သည်ဟု (Pope Paul VI) မှ ဆိုထားပါသည်။ ကျွန်ုပ်တို့၏ ဆက်သွယ်မှု၌ ဘုရားသခင်၏အစွမ်းတန်ခိုးဖြင့်ထိတွေ့ခြင်းခံရလိမ့်မည်။ ဆက်သွယ်မှုနှင့်သနားခြင်းသည် နက်ရှိုင်းမှုကို သီးပွင့်စေသည့် ကောင်းသော အကျိုးသက်ရောက်မှုများဖြစ်သည့် ဂရုစိုက်ခြင်း၊ နှစ်သိမ့်ခြင်း၊ အဖော်ပြုခြင်း ပျော်ရွှင်ခြင်းများကို မွေးဖွါးစေသည်။ ချစ်ခြင်းမေတ္တာတရားသည် သူ့သဘာဝအားဖြင့် ဆက်သွယ်မှုတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏လုပ် ဆောင်ချက်များသည် နှလုံးသားမှ အစပြုကာ ကရုဏာမေတ္တာတရား၏ ပွင့်လင်းခြင်း၊ မျှဝေခြင်းဆီသို့ ဦးတည်လိမ့်မည်။

## လူထုဆက်သွယ်ရေးကိုနက်ရှိုင်းစေခြင်း

သခင်ခရစ်တော် ဖြစ်သော အသက်၏နှုတ်ကပါတ်တော် ဟောကြားရန်၊ ကျွန်ုပ်တို့ခရစ်ယာန်များ၏ လူမှုဆက်သွယ်ရေးဆိုသည်မှာ –

မိမိတို့၏အကြံအစည်၊ ခံစားချက်များကို ဝေမျှခြင်းသက်သက် မဟုတ်ပါ။ ကယ်တင်ခြင်းတရား ဟောပြောရန်၊ သွန်သင်ရန် တာဝန်ကြီးရှိပါသည်။ အသက်ပေး နှုတ်ကပါတ်တော် ဖြစ်တော်မူသော သခင်ခရစ်တော်၏ အကြောင်းကို ဝေမျှလျက် ခမည်းတော်ဘုရား၏ အလိုတော်ကိုပြည့်စုံစေဘို့ရန် ဖြစ်သည်။

သခင်ခရစ်တော်သည် လူသားများအတွက် စည်းလုံးညီညွတ်စေသော အုတ်မြစ်တစ်ခု ဖြစ်သည်။ သခင်ခရစ်တော်သည်အကောင်းဆုံးသော လူမှုဆက်သွယ်ရေးသမားဖြစ်သည်။

လူသားများသည် မိမိတို့အပြစ်ကြောင့်ဖန်ဆင်းရှင်ဘုရားသခင်နှင့် ဝေးကွာသွားခဲ့ပါသည်။ ဖန်ဆင်းရှင်နှင့်လူသားများကြား ခြားနားထားသော တံတိုင်းကြီးကိုပြန်လည်ပေါင်းစည်းနိုင်ရန်သခင်ဘုရားကိုယ်တော်တိုင် အစပြုပြီး လူသားတို့ကိုဆက်သွယ်ခဲ့ပါသည်။ **"သင်အဘယ်မှာရှိပါသနည်း။"** (ကမ္ဘာဦးကျမ်း ၃း၁၀) သခင်ခရစ်တော်သည်အကောင်းဆုံးသောဆက်သွယ်ရေးသမားဖြစ်သည်။ လူအဖြစ်ကိုယူခြင်းဖြင့် လူသားတို့နှင့် ဆက်သွယ်သည်။ သတင်းကောင်းများ ဖြန့်ဝေပေးသည်။

ဤသတင်းကောင်းကို ကမ္ဘာအနှံ့ နေရာမရွေး၊ အချိန်မရွေး၊ လူမျိုးတကာကြား၊ ဟောပြောဖြန့်ဝေရန် တမန်တော်များကိုမိန့်ကြားခဲ့ပါသည်။ စကားအားဖြင့်သာဆက်သွယ်သည်မဟုတ်၊ ဘဝကျင့်စဉ်တစ်ခုလုံးနှင့် ဆက်သွယ်ခဲ့ပါသည်။ သူ၏အတွင်းစိတ်နှလုံးထဲ၌ရှိသောသတင်းကောင်းကိုထုတ်ဖေါ်ဟောပြောသည်။ မြင့်မြတ်သောသတင်းကောင်းကို ကြောက်ရွံ့ခြင်းမရှိ၊ မျက်နှာထောက်ထားခြင်းမရှိ၊ ရဲရင့်စွာဟောကြားခဲ့သည်။

ခရစ်တော် ယေရှု၌ရှိသော စိတ်သဘောကို သင်တို့၌လည်း တည်ရှိစေကြလော့။ကိုယ်တော်သည်ဘုရားအဖြစ်တော်၌ရှိသော်လည်း ဘုရားသခင်နှင့်တန်းတူအဖြစ်ကို ရယူအပ်သည်ဟု ထင်မှတ်ခြင်းမရှိဘဲမိမိ၌ရှိသမျှကို စွန့်လွှတ်ပြီးလျှင်အစေခံဘဝကိုယူ၍လူတို့၏ပုံသဏ္ဌာန်အတိုင်းမွေးဖွားခြင်းကိုခံတော်မူ၏။

ကိုယ်တော်သည်လူအဖြစ်ကိုယူတော်မူပြီးလျှင် သာမညသောသေခြင်းမျိုးမဟုတ်ဘဲ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူသည့်တိုင်အောင် နာခံလျက် မိမိကိုယ်ကို နိမ့်ချတော်မူ၏။

ဖိလိပိဩဝါဒစာ (၂း၅–၈)

**ခရစ်တော်နှင့်တူသောလူမှုဆက်သွယ်ရေးသမားများ ဖြစ်နိုင်အောင်ကြိုးစားကြပါစို့။**

**ခရစ်တော်၌ချစ်ခြင်းများစွာဖြင့်**

**ပန်းကုံ့ကော်**(SFX)

**ပုသိမ်မြို့။**

# အပင်နှင့်အသီး ...

လုကာ ၆း၄၃-၄၅

''ကောင်းသောအပင်သည် မကောင်းသောအသီးကိုမသီးနိုင်။ မကောင်းသောအပင်သည်လည်း ကောင်းသောအသီးကိုမသီးနိုင်။ အကြောင်းမူကား အသီးကိုကြည့်၍အပင်ကိုသိရ၏။ သဖန်းသီးကိုဆူးပင်မှဆွတ်ခူးလေ့မရှိ၊ စပျစ်သီးကိုလည်း ဆူးခြုံမှဆွတ်ခူးလေ့မရှိ။''

''ကောင်းသောသူသည် မိမိ၏စိတ်နှလုံးတွင် သိမ်းဆည်းထားသည့်ကောင်းသောအရာများထဲမှ အကောင်းကိုထုတ်ဖော်တတ်၏။ မကောင်းသောသူသည်လည်း သူ၏မကောင်းသောအရာများထဲမှ မကောင်းမှုကိုထုတ်ဖော်တတ်၏။ အကြောင်းမူကား စိတ်နှလုံး၌ပြည့်လျှံနေသောအရာများကိုနှုတ်ကမြွက် ဆိုတတ်သောကြောင့်တည်း။''

## Fruit of the Spirit




Matthew 7:19
Every tree that bringeth not forth GOOD FRUIT is hewn down, and cast into the fire.

## Which Tree Are You?

ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာမြေ၌ ဘုရားရှင်ဖန်ဆင်းထားသည့် လှပကောင်းမွန်သောသစ်ပင်ပန်းမာများ၊ စားသုံးနိုင်သည့် အသီးအနှံပင်များပေါများကြွယ်ဝစွာရှိနေပါသည်။

ကျွန်ုပ်တို့ တစ်ဦးစီတိုင်းသည်လည်း စားပင်သီးနှံများကို စိုက်ပျိုးဖူးကြ ပါလိမ့်မည်။ မိမိတို့စိုက်ပျိုးထားသည့်သီးနှံပင်များအောင်မြင်ဖြစ်ထွန်း၊ သီးပွင့်လာပါက အားရပျော်ရွှင်ကြပါသည်။

လွန်ခဲ့သည့်(၁၅)နှစ် ခန့်ကကျမ တာဝန်ကျရာကော့သောင်းမြို့၌ မန်ကျီးပင်တစ်ပင်စိုက်ပျိုးထားပါသည်။ (၈)နှစ် ခန့်ကြာသည့် အခါတွင် မန်ကျီးပင်မှဖူးပွင့်လာပြီး အနည်းငယ် သီးလာပါသည်။ (၉-၁၀) နှစ်ခန့်ရောက်သောအခါ အသီးများစွာ သီးလာပြီဖြစ်သည်။ မန်ကျီးပင်၏ တန်ဖိုးကိုအသုံးပြုဖူးသောသူတိုင်း သိရှိကြပါလိမ့်မည်။ မန်ကျီးပင်တပင်လုံး အမြစ်မှအရွက်ဖျားထိတိုင်အောင်အသုံးဝင်ပါသည်။ အရွက်ကိုလည်းသုတ်စား၊ ချက်စားနိုင်ပြီး၊ အသီးစိမ်းကို ကြော်စား၊ ထောင်းစားကြပါသည်။ အသီးမှည့်ဖျော်ရည် အဖြစ်လည်း သုံးဆောင်ကြပါသည်။ အခေါက်နှင့် အမြစ်ကို ဆေးဝါးများအဖြစ် အသုံးပြုကြပါသည်။ ကျမစိုက်ထားသည့် မန်ကျီးပင်သည် အသီးများစွာသီးနေပြီး အများအတွက်အကျိုးပြုနေသည်ကို မြင်တွေ့လာရသည့်အခါ အင်မတန်မှအားရ ပျော်ရွှင်မိပြီးသင်ခန်းစာများလည်း ရရှိမိပါသည်။

ဥယာဉ်မှူးဖြစ်သည့်ဘုရားရှင် ဖန်ဆင်းထားသော လူသားများသည်လည်း မိမိတို့နေထိုင်ရှင်သန် လုပ်ရှားနေရသည့် ပတ်ဝန်းကျင်ဒေသများမှာ ကောင်းသောအပင်များအဖြစ် ဘုရားရှင်၏ ကျေးဇူးကောင်းကြီးများကို လက်ခံရရှိပြီး၊ မိဘ၊ ဆရာသမားအကြီးအကဲများ၏သွန်သင်



# ကောင်းသောစိတ်စွမ်းအားနှင့် မကောင်းသောစိတ်စွမ်းအား

# GOOD SPIRIT AND BAD SPIRIT

## အခန်း (၃)

*Br. Htang Ha (SJ)*

### ကောင်းသောစိတ်စွမ်းအားနှင့် မကောင်းသောစိတ်စိမွမ်းအားတို့၏လှုံ့ဆော်မှု

ဦးဆောင်လမ်းပြမှုများကိုလက်ခံကျင့်သုံးပြီး၊ ကောင်းသောအသီးများဖြစ်သော ဘုရားတရားကြည်ညိုခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်သီးခံခြင်း၊ ကြင်နာသနားခြင်း၊ နိမ့်ချခြင်း၊ ရိုးသားခြင်း၊ ချစ်ခြင်းနှင့်ငြိမ်းချမ်းခြင်း စသည့်ကောင်းသောလမ်းပြခြင်းအားဖြင့် ကောင်းသောအသီးများကိုကျမတို့နှင့် နီးစပ်သော သူများအားဝေငှပေးကမ်းနိုင်ပါက ကျမတို့၏အသက်ပိုင်ရှင်ဖြစ်သည့် ဘုရားရှင်သည် မည်မျှအားရ ပျော်ရွှင်နေမည်ကို တွေးဆမိပြီး၊ ကျမတို့ခရစ်ယာန်အသက်တာ၌ ကောင်းသောအသီးသီးဖို့ အမှန်တကယ် အရေးကြီးလိုအပ်နေပါကြောင်းခံစားမိပါသည်။

ကောင်းသောအပင်သည် ကောင်းသောအသီးကိုသီးသကဲ့သို့ ကောင်းသောသူသည်လည်း မိမိစိတ်နှလုံးထဲမှအကောင်းကိုထုတ်ဖေါ်တတ်၏။ ကျမတို့အားလုံး ကောင်းသောအပင် ဖြစ်ရန်နှင့် ကောင်းသောအသီးများ သီးနိုင်ကြပါစေရန် ကြိုးစားအားထုတ် သွားကြပါစို့။

နှင်းဆီဖြူ

### အခြေခံစိတ်စွမ်းအားအမျိုးမျိုးကိုခွဲခြားနည်း

ကောင်းသောစိတ်စွမ်းအားနှင့်မကောင်းသောစိတ်စွမ်းအား တို့ကိုခွဲခြားနည်းသည် အခြေခံစိတ်စွမ်းအားများ ခွဲခြားနည်းဖြစ်သဖြင့်ဝိညာဉ်ရေးလမ်းစဉ် စတင်သူများအတွက် အထူးသင့်လျော်ပါသည်။ ဘုရားသခင်နှင့်အထူးထိတွေ့လိုသော သူများအတွက်နှင့်လမ်းစဉ်မှန်ဖြင့် ပြုပြင်ပြောင်းလဲလိုသူများအတွက်လည်း အထူးသင့်လျော်၏။ အဘယ်ကြောင့်ဆိုသော် ယင်းအခြေခံစိတ်စွမ်းအားကောင်းမကောင်း ခွဲခြားနည်းသည် အခြေခံစိတ်စွမ်းအား အကောင်းနှင့်အဆိုးတို့၏ လှုပ်ရှားမှုကိုရှင်းလင်းစွာ ခွဲခြားနိုင်မည်ဖြစ်သောကြောင့်တည်း။ ဝိညာဉ်ရေးကျင့်စဉ်တွင် ကျင့်သားရကာ ရင့်ကျက်ပြီးသူများကို မကောင်းသော စိတ်စွမ်းအားကနည်းပရိယာယ်မျိုးစုံသုံးကာ စတင်နှောက်ယှက်သဖြင့် အကောင်းနှင့်အဆိုး ခွဲခြားရန်ပိုမိုခက်ခဲလေသည်။ ထို့ကြောင့်လေးနက်သောဆန်းစစ်မှုများပြုလုပ်ရန် လိုအပ်လေသည်။

### ၁။ ကျွန်ုပ်တို့၏ မူလအခြေအနေ

ကျွန်ုပ်တို့တွင်ရှိသော အတွင်းစိတ်စွမ်းအားတို့၏ လှုပ်ရှားမှုများကို မခွဲခြားသေးခင် ကျွန်ုပ်တို့၏စိတ်နှလုံး အခြေအနေ

ကိုသိရှိနားလည် ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်၏ စိတ်နှလုံးအခြေအနေ အမှန်ကို နားလည်ရမည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေး၌ ဘုရားသခင်နှင့်ပိုမိုနီးကပ်နေခြင်း(သို့)ဝေးကွာ နေခြင်းစသည့် ဖြင့်သိရှိရန် လိုအပ်သည်။ ယင်းအခြေအနေနှစ်ခုတွင် ကောင်းသောစိတ် စွမ်းအားနှင့် မကောင်းသော စိတ်စွမ်းအားတို့ ၏ လွှမ်းမိုးမှုများ ကွဲပြားမှုများစွာ ရှိတတ်၏။ ရဟန္တာအီဂနေးရှပ်စ်သည် လူတစ်ဦးအတွင်း ရှိ ထက်သန်သောစိတ်စွမ်းအား၏ လှုပ်ရှားမှု နှစ်ခုကိုခွဲခြားစွာ သိနိုင်ခဲ့သည်။ ၎င်းတို့မှာ (၁)ဘုရားသခင်နှင့် ဝေးကွာနေခြင်း (သို့) အပြစ်ကြီးထဲသို့ နစ်သည်ထက်နစ်နေခြင်း နှင့်(၂)အပြစ်များကို စိတ်အားထက်သန်စွာ ဆေးကြောနေခြင်းစသည်ဖြင့် စိတ်စွမ်းအား နှစ်ခု၏ လှုပ်ရှားမှုကိုသိရှိခဲ့သည်။ ဤအခြေ အနေတွင် ကောင်းသော စိတ်စွမ်းအားနှင့် မကောင်းသော စိတ်စွမ်းအား နှစ်ခုစလုံးက နည်းအမျိုးမျိုးဖြင့် ကြိုးစားလွှမ်းမိုးမှုရှိလေ သည်။

## (၁) ဘုရားသခင်နှင့် ဝေးကွာနေသူ

ဘုရားသခင်နှင့် ဝေးကွာနေသူတစ်ဦး သည်ဘုရားကိုတဖြည်းဖြည်းထားခဲ့ပြီးလောက အပျော်အပါးကို ပိုမိုနှစ်သက်ကာ သူ့ဘဝအ တွက်ဘုရားသခင်ကိုမေ့လျော့နေတတ်သည်။ ခရစ်ယာန်တစ်ဦး ဖြစ်သော်လည်း မျှော်လင့် ချက် စတင်ပျောက်ဆုံးလျှက်ရှိပြီး ကောင်းမှု ကုသိုလ်များကို မပြုလုပ်နိုင်သည့်အပြင် သူ၏ ယုံကြည်ခြင်းသည်လည်း စတင်ခြောက်သွေ့ လာသည်ကို ဂရုမစိုက်နိုင်တော့ပေ။

**ဥပမာ–** မောင်တိုနီသည် သူ့ဝဘ၏ ယုံကြည်ခြင်းကို ဂရုစိုက်သူမဟုတ်။ သူသည် ဘုရားကျောင်း ဘာလို့သွားရမှာလဲ ကျွန်တော့် ဘဝအတွက် ပိုက်ဆံရတာလဲ မဟုတ်ဘူးဟု ပြောဆိုတတ်သည်။ တဖြည်းဖြည်း ဘုရား ကျောင်းသွားချင်စိတ်လည်းမရှိ။ တိုနီသည် နေ့စဉ်နေ့တိုင်း ငွေများများမည်ကဲ့သို့ ရှာဖွေ စုဆောင်းရမည်ကိုသာ စဉ်းစားနေတော့ သည်။ သူသည် အိမ်ထောင်ဦးစီး တစ်ဦးဖြစ် သော်လည်း သူ့ကလေးငယ်များကို ဂရုမစိုက် နိုင်။ သူ၏ ကလေးများမည်ကဲ့သို့ ဖြစ်နေကြ သည်ကိုလည်း မမေးတော့ချေ။ သူ့အတွေး၌ ငွေများများရဖို့ အမြဲစဉ်းစား၏။ နောက်ဆုံး တွင်သူ့အတွက် ဘုရားထက် ငွေရဖို့တစ်ခု တည်းကိုသာ ကြိုးစားရှာဖွေ နေတော့သည်။ ထို့ကြောင့် အရာအားလုံးကို ဖန်ဆင်းသည့် ဘုရားရှင်ကို အားကိုးရမည့်အစား ဖန်ဆင်းခံအရာများ၌သာအာရုံစိုက် ရင်း ဘုရားသခင်နှင့်ဝေးကာ လမ်း ပျောက်သွားခဲ့သည်။



## (၂) အပြစ်များကိုစိတ်အားထက်သန်စွာဆေးကြောသန့်စင်သူ

အထက်တွင် ဖော်ပြသည့် ဘုရားသခင်နှင့်ဝေးနေသည့် မောင် တိုနီ၏အဖြစ်အပျက်သည် မမိချယ်

၏အဖြစ်အပျက်နှင့် လုံးဝမတူပေ။ မမိချယ်သည် သူမ၏သူငယ်ချင်းများနှင့် ဘုရားသခင်တို့အကြား ဆက်ဆံရေးကို ဂရုစိုက်ပြုပြင်ခြင်းဖြင့် မိမိဘဝကိုတဖြည်းဖြည်း ပြန်လည်တည်ဆောက်လိုသူဖြစ်၏။ သူမသည် မကြာခဏ အာပတ်ဖြေတတ်၏။ ယခင်က သူမသည် ဦးတည်ရာမဲ့သည့်ဘဝတွင် ပျော်ပါးနေခဲ့သည်မှာအလွန် ပင်ကြာခဲ့လေပြီ။



ထို့ကြောင့် ယခုသူမ၏ဘဝကို ဘုရားသခင်၏အလိုတော်အတိုင်း ရှင်သန်ကာ ဘဝသစ်ကို ပြန်ခြင်းဖြစ်သည်။ ယခင်ကလို သူမသည် မိမိအလိုဆန္ဒကို သာအမြဲတမ်းရှာဖွေမည့်အစား သူမ၏သူငယ်ချင်းများကို ဦးစားပေးတတ်လာသည်။ ယုံကြည်ခြင်းအပြည့်ဖြင့် မိမိ၏ဘဝကို ကောင်းမွန်လေးနက်စွာနေထိုင်၏။ အလုပ်အစီအစဉ်များ ရေးဆွဲရာတွင် ဘုရားသခင်ကိုရှိုးမွမ်းဆုတောင်းရမည့်အချိန်ကို စနစ်တကျထားရှိ၏။ ထို့ကြောင့် မမိချယ်သည် ဘုရားသခင်နှင့် ပိုမိုထိတွေ့နိုင်သဖြင့် ဝမ်းမြောက်ပျော်ရွှင်နေသူဖြစ်သည်။

## ၂။ အဆိုးဘက်သို့ ဦးတည်နေသော လူတစ်ဦး၏ အခြေအနေ


ရဟန္တာ အီဂနေးရှုပ်စ်၏ (Spiritual Exercises) ဝိညာဉ်ရေးကျင့်စဉ် လမ်းညွှန်စာအုပ်၊ အမှတ် (၃၁၄) ၌ အဆိုးဘက်သို့ ဦးတည်နေသည့်လူတစ်ဦး၏ အခြေအနေကို ရှင်းပြထားသည်။ ဘုရားသခင်နှင့်ဝေးကွာနေသည့် မောင်တိုနီကဲ့သို့ပင် တစ်ကိုယ်ကောင်းဆန်ဆန်ပြုမူတတ်၏။ မိမိတို့၏ ပျော်ရွှင်မှုတစ်ခုတည်းအတွက်သာ ဦးစားပေးပြုမူတတ်ကြ၏။ ယင်းအပြုအမူကြောင့် ဘာသာရေးအလုပ်၊ ဘုရားတရားအလုပ်နှင့် ဝေးကွာသွားခြင်းမှာ မထူးဆန်းတော့ပေ။ ထိုသူသည် အခြေခံအားဖြင့်ဘုရားသခင်ကို ယုံကြည်လက်ခံထားသော်လည်း သူတို့၏ဘဝတွင် ချမ်းသာကြွယ်ဝလိုသည့် လောဘစိတ်၊ အလုပ်တွင်စိုးရိမ်ပူပန်စိတ်နှင့် လောကဥစ္စာပစ္စည်းများအတွက် စိတ်ရှုပ်နေရသဖြင့် ဘာသာမဲ့တစ်ယောက်သဖွယ် ဖြစ်လာတတ်ကြသည်။ ထိုသူတို့၏ အခြေအနေသည် တဖြည်းဖြည်းဘုရားသခင်နှင့်ဝေးကွာသွားပြီး နောက်ဆုံးသူတို့အမှားကို သိရှိလာသည့်အချိန်တွင် နောက်ကျသွားသဖြင့် အပြစ်ကြီးကိုကျူးလွန်သူထက်ပင် ဆိုးဝါးတတ်၏။

ထို့အပြင် အဆိုးတစ်ခုမှနောက်ပိုဆိုးသည့်အရာတစ်ခုသို့ အပြစ်ကြီးတစ်ခုမှ နောက်အပြစ်ကြီးတစ်ခုသို့ ရောက်သွားတတ်၏။ ဥပမာ၊ ပြည့်တန်ဆာအလုပ်ကိုလုပ်ရင်း၊ ယင်းအလုပ်၌ ပျော်ပျော်ပါးပါးဖြင့် ပိုမိုလုပ်ဆောင်လာသူများ၊ သူခိုးအဆင့်မှ လူသတ်သည့် ဓားပြအဖြစ်သို့ ရောက်လာသူများ၊ မိမိကိုယ်ကို အဂတိလိုက်စားခြင်းမှ ရုန်းမထွက်လိုသူများ၊ ပြည်သူလူထုကို အမြဲခြိမ်းခြောက်သည့် အာဏာရှင်နှင့်အခြားသူများကို အလွန်မုန်းတီးတတ်သူ စသည့်လူများဖြစ်လာသည်။

## (က) မကောင်းသော စိတ်စွမ်းအား၏ နည်းလမ်းများ

မကောင်းမှုများကို တစ်ခုပြီးတစ်ခုကျူးလွန်သူများသည် ဘုရားသခင်နှင့်ဝေးကွာသည့် အလုပ်များကိုဆက်လက်ပြုလုပ်ကာ မကောင်းသောစိတ်စွမ်းအား၏ နူးညံ့စွာဖြားယောင်းသည့် ဆွဲအားကို မခုခံနိုင်ချေ။ အကြောင်းမှာ ထိုသူ၏မခုခံတတ်သည့် အခြေအနေနှင့် မကောင်းသော စိတ်စွမ်းအား၏နည်းလမ်းများသည် တစ်ထပ်တည်း ဖြစ်သောကြောင့်ဖြစ်၏။ ပုံမှန်အားဖြင့်မကောင်းသောစိတ်စွမ်းအားသည် ထိုသူကိုသူ၏အဆိုးမှ ပိုမိုဆိုးဝါးသည့် လုပ်ဆောင်ချက်များ၌ ပျော်မွေ့အောင်ဆွဲဆောင်လေသည်။ စနစ်တကျမနေတတ်သူကို ဖရိုဖရဲပိုဖြစ်လာအောင်၊ ဘုရားသခင်အကြောင်း မစဉ်းစားဖူးသူကို ဘုရားတရားအကြောင်းပိုမိုစဉ်းစားခြင်းမရှိလေအောင်ဆွဲဆောင်၏။ ကာမဂုဏ်ရမ္မက်ကြီးပြီး ပုံမှန်မဟုတ်သည့်နည်းလမ်းဖြင့် ကာမဂုဏ်အာရုံခံစားမှု ပြုလုပ်သူကို သူ၏အပြုအမူ၌ ပိုမိုနှစ်သက်စွဲလမ်းလာအောင် ဆွဲဆောင်တတ်သည်။ အပြစ်ဒုစရိုက်အမှုတွင် ပျော်တတ်သူကိုလည်း ထိုအမှု၌ ပိုမိုလုပ်ဆောင်အောင် ဆွဲဆောင်တတ်၏။

မောင်အောင်နီသည် ကာမဂုဏ်အပျော်အပါးလိုက်စားသည့် ကောလိပ်ကျောင်းသားတစ်ဦးဖြစ်သည်။ သူ့စိတ်ထဲ၌ မည်ကဲ့သို့ ကာမဂုဏ်အပျော်အပါး လုပ်ဆောင်ရမည်ကိုသာ စဉ်းစားနေတတ်၏။ ထို့ကြောင့် ပြည့်တန်ဆာမိန်းကလေးများ၏ နေအိမ်သို့မကြာခဏသွားရောက်လေ့ရှိသည့်အပြင် စိတ်ကြွဆေးများကိုပင် သုံးစွဲတတ်လာသည်။ ဤအခြေအနေမျိုးတွင် မောင်အောင်နီကို မကောင်းသော စိတ်စွမ်းအားက ကာမဂုဏ်အပျော်အပါး၌ပိုမိုစွဲမက်လာစေပြီးနောက်ဆုံးတွင်မူးယစ်ဆေးဝါး သောက်သုံးသည့်အထိ တဖြည်းဖြည်းဆွဲဆောင်ခြင်း ဖြစ်လာသည်။ သူ၏ စိတ်ထဲ၌လည်း ထိုကာမဂုဏ်အပျော်အပါးတွင်ပျော်မွေ့လိုသည့် ဆန္ဒများသာ ပေါ်လာတတ်၏။ "လောကမှာ လူ့ဘဝဆိုတာ ခဏလေးပါ။ ဒီတစ်ခါပဲ နေရမှာ၊ ဘာဖြစ်လို့ အပျော်အပါး မလိုက်စားရမှာလဲ၊ မပျော်ပါးလိုက်ရဘဲ သေသွားရင် နှမြောစရာမဟုတ်လား" စသည်ဖြင့် မောင်အောင်နီ၏ စိတ်၌ပေါ်လာတတ်၏။ ထိုသို့ပေါ်လာသည့် မကောင်းသော စိတ်စွမ်းအားကို မောင်အောင်နီသည် မခုခံသည့်အပြင် ထောက်ခံနေ လိုက်သေး၏။ ထို့ကြောင့် သူသည်မကောင်းမှုများကို အလွယ်အကူပြုလုပ်ပြီး ပိုမိုဆိုးဝါးသည့် အခြေအနေသို့ ရောက်ရှိသွားခြင်းဖြစ်သည်။



စာမျက်နှာ – ၄၂ သို့ >



# သာသနာပြုဟူသည် ...

လှိုင်လင်းလေးလွင်

(Cameroon) နိုင်ငံ၊ တောအုပ်ကြီး ဖုံးအုပ်နေသည့် ဒေသတစ်ခုဖြစ်သည့် (Fontem) ဖွန်တင်တွင် ( Bangwa) ဘန်ဂွါဟုခေါ်သည့် လူမျိုးစုတစ်စုနေထိုင်လျက်ရှိပါသည်။ ဤသူတို့သည် ဂုဏ်သရေရှိရှိနေထိုင်အသက်ရှင်ပြီး လူသားတို့၏တန်ဖိုးများကို မြင့်မြင့်မားမားလက်ခံထားရှိကြပါသည်။ ဂုဏ်သရေဟုဆိုလို လိုက်သည်နှင့်မျက်စိထဲတွင် တိုက်ကြီးတာကြီး မော်တော်ယာဥ်များနှင့်ပြည့်စုံကုံလုံနေသည်ဟု မမြင်စေလိုပါ။ သူတို့သည်လူသားပီပီသသ ဂုဏ်သိက္ခာရှိရှိ နေထိုင်ကြသည်ကို ဆိုလိုပါသည်။




၁၉၆၀– နှစ်များ၏ အစောပိုင်းနှစ်များအတွင်းတွင်ဘန်ဂွါမျိုးနွယ်စုအကြား အဖျားအနာရောဂါထူပြောကာ အသေအပျောက်များသောကြောင့် လူဦးရေ လျော့ပါးမှုနှင့်ရင်ဆိုင်နေရကြောင်း သူတို့သတိထားမိ လာကြသည်။ ကလေးသူငယ်များတစ်နှစ်သက်တမ်းပင်မပြည့်ပဲ ဆုံးပါးနေကြသည်။ အဘယ်ကြောင့် ဤသို့ ဖြစ်နေရသည် ဆိုသည့် အကြောင်းရင်းကို သူတို့ရှာကြံကြ၏။ မည်သို့ ဖြေရှင်းရမည်မှန်း မသိဖြစ်၍ ဤသို့ တွေးတောကြ၏၊ ငါတို့ကို ဘုရားသခင်က ဘာကြောင့်စွန့်ပစ်ထားခဲ့သနည်း။ ငါတို့ဆုမတောင်းခြင်းကြောင့်ဟု အဖြေထုတ်လိုက်ကြ၏။ သို့ဖြင့်သူတို့သည်

ပြင်းပြင်းထန်ထန် ဆုတောင်းကြတော့သည်။ ငါတို့ ဆုတောင်းခြင်း လုံလောက်လျှင် ဘုရားသခင်က ငါတို့ကို သတိယကောင်း၊ ရလာနိုင်သည်ကို ဘယ်သူသိမည်နည်း။ အချိန်တွေသာ ကုန်သွားပြီး သူတို့၏ကျန်းမာခြင်း အခြေအနေမှာထူးခြားမှုမရှိခဲ့ပါ။ ကလေးသူငယ်များ ဆုံးပါးမြဲဆုံးပါးလျှက် ရှိလေသည်။

ဤတွင်သူတို့ ကိုယ့်ကိုကိုယ်သူတို့ တစ်ဆင့်တိုးကာ မေးခွန်းများ မေးကြပြန်သည်။ ဘုရားက ငါတို့ကိုဘာကြောင့် စွန့်ပစ်ထားတာလဲ။ ဘုရားသခင်ရဲ့အမြင်မှာ ငါတို့ ဆုတောင်းမေတ္တာတွေ ကတန်ဖိုးမရှိလို့ပဲဖြစ်လိမ့်မည်။ ငါတို့အလှူငွေကောက်ခံပြီးဂိုဏ်းအုပ်ဆရာတော်ထံပို့ကြမည်။ ဆရာတော်သည် ပိုပြီးထိုက်တန်သော လူမျိုးနွယ်စုတစ်စုကို ငါတို့အတွက် ဆုတောင်းပေးခိုင်း နိုင်လိမ့်မည် ဟု ဆုံးဖြတ်လုပ်ဆောင် ကြတော့သည်။

ဤသို့ အစီအစဉ် ဆွဲထားသည့်အတိုင်း ဆရာတော်ထံပါး ရောက်လာကြသောအခါ ဆရာတော်ဘုရားမှလွန်စွာ စိတ်ထိခိုက်သွားခဲ့ရပါသည်။ ဆရာတော်က သာသနာပြုလူပ်ရှားမှု တစ်ဖွဲ့ကို ဤဖြစ်ရပ် အခြေအနေနှင့်ပါတ်သက်၍ရှင်းပြ အကူအညီတောင်းခဲ့၏။ ထို့ကြောင့် ၁၉၆၃ တွင် ဤသာသနာပြုအဖွဲ့ရောက်ရှိလာခဲ့သည်။ ဆေးနှင့်ဆိုင်သော အသိပညာပေးခြင်း၊ ဆေးကုသခြင်းများစတင် လုပ်ကိုင်ကြ၏။ အစကနဦးတွင် ဤသာသနာပြုပုဂ္ဂိုလ်များမှာ တဲငယ်လေးများ၌ ဖြစ်သလိုနေကြရ၏။ ရုံဖန်ရံခါ မြွေဆိုးများ သူတို့၏ တဲအိမ်များအတွင်း အလည် အပတ်ရောက်ရှိလာတတ်လေသည်။ ဘန်ဂွါလူမျိုး များအတွက်မူ ဤသာသနာပြုများသည် သူတို့၏ ကျေးလက်တောရွာအတွင်း ရောက်ရှိလာခြင်းမှာဘုရားသခင်ထံမှ အဖြေရခြင်း ဖြစ်ပေတော့သည်။ အခက်ခဲများ ပြည့်နှက်နေသည့်ကြားမှဆေးပေးခန်းတစ်ဆောင် ဖွင့်လှစ်လိုက် နိုင်ခဲ့ပါသည်။

နောက်(၃)နှစ်အကြာတွင် သူတို့၏ သာသနာပြုဂိုဏ်းအကြီးအကဲမှထိုကျေးရွာလေးသို့ရောက်ရှိလာသောအခါ ထိုဒေသ တွင် လမ်းများ၊ အိမ်ကြီး အိမ်ကောင်းများနှင့် အဆင့်အတန်း မြင့်မြင့်နေထိုင်လျှက်ရှိနေပါပြီ။ ယခင်နှစ်များကရှေးဦးသာသနာပြုများမှ ယုံကြည်ခြင်းမျိုးစေ့ချခဲ့ကြသောနေရာ၌ ယခုသာသနာပြုများ ကလည်း မေတ္တာကရုဏာ တရားနှင့် တစ်စည်းတစ်လုံးတည်းရှိမှုတို့ကို သက်သေခံကာသူတို့နှင့်အတူအေးအတူပူအမျှ အသက်ရှင်နေထိုင်ခဲ့မှုကြောင့် ဤလူမျိုးအကြား ခရစ်ယာန်ဘာသာ ယုံကြည်မှုသို့



အာရုံစိုက်မှု၊ ပိုမိုရရှိလာကြပါသည်။

ယခုနှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီးသည့် ကာလတွင်မူကား လူနေအိမ်ခြေပေါင်း (၆၀၀)ကျော်တို့တစ်စည်းတစ်လုံးနေထိုင်လျက်ရှိသည့်မြို့ငယ်တစ်ခုဖြစ်လာခဲ့ပြီ၊ ဘုရားကျောင်းတစ်ဆောင်၊ ဆေးရုံတစ်ရုံရှိနေပါပြီ။ ဤဆေးရုံတွင်ဒေသခံဝန်ထမ်း အမြောက်အများ တာဝန်ယူလျက်ရှိပါသည်။ ကောလိပ်ကျောင်း တစ်ကျောင်းရှိပြီး၊ သင်တန်းကာလ(၇)နှစ် အတွင်းဆရာဝန်အဖြစ်သင်ယူနိုင်သည့် နေရာတစ်ရပ်ဖြစ်လာခဲ့ပါပြီ၊ Fontem သည်အင်္ဂလိပ်စကားပြောသည့်ကယ်မရွန်းခရိုင်မြို့လေးတစ်မြို့ဖြစ်လာခဲ့ပါပြီ။ အနီးဝန်းကျင်မှမြို့ရွာများနှင့်ဆက်သွယ်မှုရှိသည့် လူဦးရေ (၈၀၀၀၀) ခန့်ရှိသည့်မြို့တစ်မြို့ဖြစ်ပါသည်။

## သာသနာပြုဟူသည်

ယခုလက်ရှိ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်သည် အသင်းတော်၏ (Mission Statement) လုပ်ငန်းတာဝန်ကို ဤသို့ပြဋ္ဌာန်းချက်ထုတ်ပြန်ထားပါသည်။ **ကျွန်ုပ်အနေနှင့် အသင်းတော်ကို လမ်းတကာ လှမ်းသွားပြီးဒဏ်ရာအနာတရတွေ၊ နာကျင်မှုဝေဒနာတွေ၊ ညစ်ပတ်ပေရေနေတာတွေနဲ့ ဖုံးလွှမ်းနေတာကိုမြင်ချင်ပါတယ်။ တိုက်ကြီးတာကြီးအဆောက်အဦးကြီးတွေထဲမှာပဲ ပုန်းအောင်းနိကပ်နေပြီး ကျန်းမာရေးချို့တဲ့နေတဲ့ ကိုယ့်လုံခြုံရေးကိုအထိပါးမခံနိုင်အောင်၊ ဖက်တွယ်ထားတဲ့ အသင်းတော်ကို မမြင်လိုပါဘူး။ ဗဟိုဋ္ဌာမှာအချက်အချာ ကျတဲ့နေရာလေးကိုပဲ စိုးရိမ်တစ်ကြီးဖက်တွယ် နေတာ၊ အစွဲအလန်းကြီးတဲ့ လုပ်နည်းလုပ်ဟန် တွေအပေါ်မှာပဲ ပင့်ကူအိမ်အမျှင်မှာလိုငြိပြီး တွယ်ကပ် နေတဲ့အသင်းတော်ကို ကျွန်ုပ်အလိုမရှိဘူး။** ဟု ရဟန်းမင်းကြီးက အတိအလင်းမြွက်ဆို ထားပါသည်။

## Signs of the Times

အချိန်ကာလ၊ ကာလဒေသ၏တောင်းဆိုချက်များကို ကျွန်တော်တို့ နားထောင်၊ ကြည့်မြင်၊ ခံစားပေးကြရမည်ဖြစ်ပါသည်။ ကမ္ဘာကြီးသည် ဤနေရာ၊ ဤဒေသ၊ ဤအချိန်တွင် ဘာတွေချို့တဲ့၍ ဘာတွေလိုအပ်နေပါလိမ့်ဟု ဂရုတစိုက်အာရုံပြုရန် ကျွန်တော်တို့ကို ဘုရားရှင်က ရဟန်းမင်းကြီးမှ တစ်ဆင့်မီးမောင်းထိုးပြလျက်ရှိပါသည်။

ကျွန်တော်တို့ အသင်းဂိုဏ်း (Congregation) တစ်ခုစီ၏ သီးခြားကျေးဇူးတော် (Charism) အပေါ်သစ္စာစောင့်သိပြီး၊ ဝိညာဉ်တော်ဘုရား၏လှုံ့ဆော်မှုကို အာရုံပြုကြည့်လျက် သာသနာပြုလုပ်ငန်းတွင်ပါဝင် ကြရမည်ဖြစ်သည်။

ကင်မရွန်နိုင်ငံလို တောအုပ်ကြီးဖုံးလွှမ်း နေသောဒေသ မဟုတ်လျှင်ပင်၊ ဒုစရိုက်အမှုများဖြင့် မှောင်ရိပ်ဖုံးနေသော နေရာများမှ ခေါ်သံများကို နားစွင့်ကာ အပြေးအလွှားသွားရောက်အကူအညီ ပေးအပ်နေကြသည် မဟုတ်ပါလား။



ရွှေးပဝေသဏီက သာသနာပြု ပုဂ္ဂိုလ်များကို ဦးညွှတ်လျက် ......

ညှိုင်လင်းလေးလှိုင်



ကိုယ်ရေးအကျဉ်း

# ပုပ်ဘက်နဒစ် (၁၆)

ဘာသာပြန် Lawrence Jangma Mung Song

ဂျိုးဇက် အလွိုင်းရှပ်စ် ရက်ဇင်ဂါ အား ၁၉၂၇ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် ဂျာမနီနိုင်ငံ Lower Bavaria ဘာဗေးရီးယား၊ အနိမ့်ပိုင်းဒေသ Town of Marktl am Inn မာကယ်အန် အင်းမြို့၌ ဖွားမြင်သည်။ ဖခင်မှာရဲတပ်ဖွဲ့ရဲမှူးကြီးဖြစ်ပြီး၊ မိခင်သည် လက်မှုပညာရှင် တစ်ဦး၏ သမီးဖြစ်သည်။ ဆယ်ကျော်သက်အရွယ်တွင်ဒုတိယကမ္ဘာစစ်ကာလဖြစ်သဖြင့်လေကြောင်းကာကွယ်ရေး အရံတပ်တွင်တာဝန်ထမ်းဆောင်ဖူးသည်။၁၉၄၅ ခုနှစ်၊ ဂျာမနီစစ်ရှုံးသည့်နှစ်တွင်သူသည် မြူနစ်မြို့ BMW ဘီအမ်ဒဗလျူစက်ရုံတွင် တာဝန်ကျသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ဂျာမနီစစ်ရှုံးသဖြင့် ဂျာမန်စစ်သားများအား စစ်သုံ့ပန်းအကျဉ်းစခန်းတွင် ထားရာ ငယ်ရွယ်သူ ရက်ဇင်ဂါမှာလည်း Ulm မြို့အနီးရှိ စစ်အကျဉ်းစခန်းတွင် ခေတ္တနေခဲ့ရပြီး များမကြာမီ ပြန်လည် လွတ်မြောက်ခဲ့သည်။ ညီအစ်ကိုနှစ်ဦးစလုံး ဒုတိယကမ္ဘာစစ်တွင်ဂျာမနီစစ်သား အဖြစ်တာဝန်ထမ်းဆောင်ပြီး၊ အသက်မသေပဲမိသားစုအိမ်တွင်ပြန်လည်စုစည်းနိုင်ခဲ့ကြသဖြင့် အမှတ်ရစရာ အခြေအနေဖြစ်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် မြူနစ် တက္ကသိုလ်၌ ဖီလော်ဆိုဖီပညာရပ်အား သင်ယူတတ်မြောက်ခဲ့သည်။ ယင်းနောက် Freising မြို့တွင်အဆင့်မြင့် ဖီလော်ဆိုဖီနှင့်သီအိုလော်ဂျီတို့အား လေ့လာသင်ယူသည်။ ၁၉၅၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် သူ့ထက် သုံးနှစ်ကြီးသောအစ်ကို Greg နှင့်အတူရဟန်းသိက္ခာခံယူခဲ့သည်။ ၁၉၅၅ ခုနှစ်တွင်တက္ကသိုလ်၌စာချပါမောက္ခနေရာ ဖြေဆို အောင်မြင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မြူနစ်တက္ကသိုလ် Fundamental Theology ဌာန၏ ဥက္ကဋ္ဌရာထူးရရှိသည်။

၁၉၆၂ ခုနှစ်တွင် ရက်ဇင်ဂါသည် အသင်းတော်၏ ဒုတိယအကြိမ် ဗာတီကန်ကောင်စီ သာသနာ့အစည်းအဝေးတွင် ပါဝင်ခဲ့သည်။ ဗာတီကန်ကောင်စီတွင် ပါဝင်ခဲ့သည့်အခန်းကဏ္ဍမှာ သူ၏ ဆရာတော်ကာဒီနယ် Frings အား သီအိုလော်ဂျီဆိုင်ရာ အကြံပေးတစ်ဦးအနေဖြင့်ပါဝင်ခြင်းဖြစ်သည်။ ထိုခေတ်အခြေအနေ အချိန်အခါသည် အရေးကြီးလှသည်ဖြစ်ရာ ဗာတီကန်တွင် အခြား နာမည်ကျော် သီအိုလော်ဂျီပညာရှင်ပေါင်းများစွာစုဝေးနေ၍ ဖာသာရ် ရက်ဇင်ဂါသည် Henri





De Lubac, Jean Danielou, Yves Congar နှင့် Gerard Phillips ကဲ့သို့သော နာမည်ကျော် သီအိုလော်ဂျီသမားများနှင့် အစည်းအဝေးပေါင်းများစွာပါဝင်ဆွေးနွေးဖြစ်ပေသည်။ ဗာတီကန် အစည်းအဝေးကြီးတွင် ဖာသာရ် ရက်ဇင်ဂါသည် ဖာသာရ် Hans Kung ဟန်းစကုံးနှင့် Edward Schillebeeckx ကဲ့သို့ သီအိုလော်ဂျီ သမားများဖြင့် ပူးတွဲအလုပ်လုပ်ခဲ့ကာပြုပြင် ပြောင်းလဲသူအဖြစ် သတ်မှတ်ခြင်းခံရသည်။ ၁၉၅၉ မှ ၁၉၆၉ ခုနှစ်အထိ Bonn မြို့ Munster တက္ကသိုလ် တွင် စာချခဲ့ကာ Tubingen တက္ကသိုလ် တွင် Dogmatic Theology ပညာအားအမြဲတမ်းပါမောက္ခအဖြစ်သင်ကြားခဲ့သည်။

အေဒီ ၁၉၇၇ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် ရဟန်းမင်းကြီး ပေါလ် (၆)က သူ့အား မြူနစ်နှင့် Freising သာသနာနယ်တို့၏ ဂိုဏ်းချုပ်ဆရာတော်ကြီး Archbishop အဖြစ် တင်မြှောက်ခဲ့သည်။ ထိုနှစ်၌ပင် သူ့အားကာဒီနယ် အဖြစ်ပြန်လည်တင်မြှောက်ခဲ့သည်။ များမကြာမီ ကာဒီနယ်ရက်ဇင်ဂါသည် ရဟန်းမင်းကြီး ရွေးကောက်ပွဲအားပါဝင်ခဲ့ကာ ထိုရွေးကောက်ပွဲ၌ ရဟန်းမင်းကြီးပထမမြောက် ယောဟန် ပေါလ်လူးကို ရွေးချယ်တင်မြှောက်ခဲ့သည်။ တစ်လအကြာတွင် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် (၁) ကွယ်လွန်သဖြင့် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် (၂) အား ရွေးချယ်တင်မြှောက်သည်။ ထိုရဟန်းမင်းကြီး ရွေးကောက်တင်မြှောက်ပွဲတွင်ပါဝင်ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ကာဒီနယ် ရက်ဇင်ဂါအား Congregation of the Doctrine of Faith ယုံကြည်ခြင်း၊ သွန်သင်ချက် ဆိုင်ရာအစုအဖွဲ့ အကြီးအကဲအဖြစ် တာဝန်ပေးသည်။ အလားတူ ရဟန်းမင်းကြီး၏ ကျမ်းစာကော်မရှင် Papal Biblical Commission နှင့် အပြည်ပြည်ဆိုင်ရာ သီအိုလော်ဂျီ ကော်မရှင် International Theological Comission တို့၏ Chairman အကြီးအကဲ တာဝန်ကိုလည်း ရရှိခဲ့သည်။

ကာဒီနယ်ရက်ဇင်ဂါသည် တာဝန်မှနုတ်ထွက်၍ ဂျာမနီ၊ ဗာဗေးရီးယားဒေသတွင် ပင်စင်ယူရန်အစဉ်အမြဲတောင်းဆိုခဲ့သော်လည်းပုပ်ဂျွန်ပေါလ်(၂)သည်သူ့အား ၂၀၀၂ ခု နှစ်တွင်ကာဒီနယ် အစုအဖွဲ့၏ ဥက္ကဋ္ဌ Dean of the College of Cardinals အဖြစ် တာဝန်ပေးခဲ့သည်။ ဗာဗေးရီးယားတွင် ပင်စင်ယူရန်တွေးတောနေခဲ့သော ကာဒီနယ် ရက်ဇင်ဂါသည် ရဟန်းမင်းကြီးယောဟန် ပေါလ်လူး (၂)ကွယ်လွန်သောကြောင့် ဘဝတဆစ်ချိုးပြောင်းလဲခဲ့သည်။

၂၀၀၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီး ဝါတီးယာဂျွန်ပေါလ် (၂) ကွယ်လွန်သဖြင့် ကာဒီနယ်ရက်ဇင်ဂါသည် အသုဘမစ္ဆားတရားအား ဦးဆောင်ဟောပေးခဲ့သည်။ ထိုမစ္ဆားတရားတွင် ကာဒီနယ်ရက်ဇင်ဂါသည် "Dictatorship of Relativism" (သမုတိသစ္စာဟု မြန်မာအဘိဓာန်တွင် Relativism အား ဘာသာပြန်ထားသည်) သမုတိသစ္စာ၏ မင်းမဲ့စရိုက်အကြောင်း ဟောပြောခဲ့သည်။

"Relativism ဟူသည်မှာ မည်သည့်အရာကိုမျှ အမှန်တရားအဖြစ်မယူဆပဲ အဆုံးသတ်ဆုံးဖြတ်ချက်ကို မိမိစိတ်ဆန္ဒမာန်မာနကိုသာ အဆုံးအဖြတ်ပေးစေသည့်သဘော ဖြစ်သည်။ Relativism ဟူသည်မှာ လွတ်လပ်ခြင်းဟူသည့် ပုံပန်းသဏ္ဍာန်ဖြင့် မိမိစိတ်ဆန္ဒကသာလျှင် အခရာဖြစ်သည်ဟုဆိုပြီး၊ မိမိကိုယ်ကိုလှောင်ပိတ်အကျဉ်းကျစေသည့်ပုံစံမျိုးဖြစ်သည်။ ထို Relativism ကြောင့် လူတစ်ဦးသည်အခြားသူများနှင့် သီးခြားဖြစ်စေကာ၊ မိမိစိတ်အလိုကျလုပ်တတ်သည့် အခြေအနေ၌သာ လှောင်ပိတ်ခံရတတ်ပေသည်ဟု ကာဒီနယ်ရက်ဇင်ဂါက ဟောပြောခဲ့သည်။



ပုပ်ဂျွန်ပေါလ်(၂)၏ အသုဘအခမ်းအနား အား ကျင်းပပြီးနောက် ရဟန်းမင်းကြီး ရွေးကောက်ပွဲပြုလုပ်ရာ၊ လေးကြိမ်မြောက် ကာဒီနယ်များမဲပေးမှုအပြီး၌သာ ကာဒီနယ်ရက်ဇင်ဂါသည် ရဟန်းမင်းကြီးအဖြစ် ၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ရွေးမြှောက်ခြင်းခံရသည်။ ဘက်နဒစ်ဟူသည့် အမည်နာမအား ရယူသည်။

ပထမဆုံးလူထုတွေ့ဆုံပွဲတွင် ရဟန်းမင်းကြီးက အဘယ်ကြောင့်ဘက်နဒစ် ဟူသည့် အမည်အား ရွေးချယ်ခဲ့ရသည်ဟူသည့်ရည်ရွယ်ချက်အား ပြောကြားသည်။ ပုပ်ဘက်နဒစ် (၁၅)သည် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားသည့် အခက်အခဲကြီးမားချိန်တွင် ကက်သလစ်အသင်းတော်အား ဦးဆောင်လမ်းပြနိုင်ခဲ့ကာ ပထမကမ္ဘာစစ်အတွင်း အတိဒုက္ခရောက်သူများအားလည်း ကူညီဖေးမခဲ့သည်။ နော်စီယာမှစိန့်ဘက်နဒစ် St. Benedict of Nursia သည် အနောက်တိုင်းရသေ့ကျင့်စဉ်အား တည်ထောင်သူဖြစ်ကာ ဥရောပတိုက်၏ပူးတွဲ ရဟန္တာလည်းဖြစ်သည်။ ဂျာမနီတွင်လည်း စိန့်ဘက်နဒစ်အားလေးစား ကြည်ညိုကြသလို စိန့်ဘက်နဒစ်သည် ခရစ်ယာန်သာသနာ၊ ဥရောပတစ်ခွင့်ပြန့်နှံ့ရန် လုပ်ဆောင်ရာ၌ အရေးပါလှသူလည်းဖြစ်သည်။ ထိုသို့ပုပ်ဘက်နဒစ် (၁၅)နှင့် နော်စီယာမှ စိန့်ဘက်နဒစ်တို့အား အစွဲပြု၍(၁၆)ကြိမ်မြောက် ဘက်နဒစ်အမည်အား ရယူခဲ့ပါကြောင်း ပြောကြားသည်။ ပုပ်ဘက်နဒစ်သည် သူ၏အမှတ်တံဆိပ် အားသတ်မှတ်ခဲ့ပြီးနောက် ၎င်းတွင် Cooperatores Veritatis (အမှန်

တရားအတွက်ပူးပေါင်းဆောင်ရွက်သူ - Cooperator of Truth) ဟု ရေးသားခဲ့သည်။

ပုပ်ဘက်နဒစ် (၁၆) သည် ဗာတီကန်ကောင်စီ (၂) အကြောင်းအား တစ်ကြိမ်ထက် မနည်းပြန်လည်သုံးသပ်ပြောဆိုလေ့ရှိတတ်သည်။ ဗာတီကန်ကောင်စီ (၂) ၏ ရလဒ်ကောင်းများ အကြောင်းသာမက ထိုကောင်စီအား အဓိပ္ပာယ်ဖွင့် ဆိုနားလည်မှုနှင့်ပတ်သက်၍လည်းသတိပေးပြောဆိုလေ့ရှိသည်။ ဗာတီကန်ကောင်စီ (၂) သည် တော်လှန်ရေးများ ဖြစ်ပွားစေသည့်အသင်းတော်အသစ်တစ်ခုကိုတည်ထောင်သည် မဟုတ်၊ ဗာတီကန်(၂)သည် အသင်းတော်၏ အဓိကအနှစ်သာရ၊ အသင်းတော်သင်္ကေတနှင့်သဘောပြန်လည်သုံးသပ်ပြောဆိုလေ့ရှိတတ်သည်။ ဗာတီကန်ကောင်စီ(၂)၏ ရလဒ်ကောင်းများမှာ သဘာဝအား ထိန်းသိမ်းရန်ဖြစ်သည်ဟု ရှင်းလင်းခဲ့သည်။ (ဗာတီကန်(၂)ကောင်စီနှင့် ပတ်သက်၍ နားလည်မှုလွဲများ ဖွင့်ဆိုခြင်းကြောင့် အသင်းတော်အားလားရာ အလွဲများသို့ခေါ်ဆောင်သွားသူများ၊ များပြား လာသည့် အတွက်ကြောင့်ပုပ်ဘက်နဒစ်(၁၆)က ထိုသို့ ရှင်းလင်းခြင်းဖြစ်သည်။)



# WILL THE POPE BE PEACEMAKER?

Significant Events Have Directed Attention to the Efforts Being Made by Benedict XV. to End the War.

ထိုသို့ ဗာတီကန်(၂) ကောင်စီ အစည်းအဝေးအား နားလည်မှုလွဲမှားခြင်းနှင့်ပတ်သက်၍ပုပ်ဘက်နဒစ်(၁၆)က "Anarchic Utopianism" (မင်းမဲ့ဝါဒပျော်ရွှင်မှု)ဟုသုံးနှုန်းခဲ့သည်။ တပည့်တော်ကြီးစိန့်ပီတာ၏အရိုက်အရာအားဆက်ခံရယူခဲ့သောရဟန်းမင်းကြီးပေါလ်(၆)နှင့် ပုပ်ဂျွန်ပေါလ်(၂)တို့၏ဦးဆောင်ခဲ့မှုအပေါ် ဘုရားသခင်ကောင်းချီးပေးပါစေ၊ ထိုရဟန်းမင်းကြီးနှစ်ပါးသည်ဗာတီကန်(၂) ကောင်စီကြီး၏ သွင်ပြင်အသစ်များ အပေါ် ခုခံနိုင်ခဲ့ ကာကက်သလစ်အသင်းတော်ကြီး၏ စဉ်ဆက်မပြတ်ရပ်တည်မှုနှင့်တမူထူးခြားသောသွင်ပြင်လက္ခဏာများကိုလည်းထိန်းသိမ်းကာကွယ်ခဲ့ပါသည်၊ ဟုပုပ်ဘက်နဒစ်(၁၆)ကဆိုခဲ့သည်။ ပုပ်ဘက်နဒစ် (၁၆) လက် ထက်တွင် လက်တင်ဘာသာစကားအားဖြင့် မစ္ဆားတရားတော်များပြန်လည်ဟောပြောခြင်းအား အထူး တိုက်တွန်း အားပေးလာခဲ့သလိုမစ္ဆားတရားအချိန်အခါအတွင်း၊ ဂရီဂိုးရီးယန်းဓမ္မတေးသီဆိုမှုများကိုလည်းပြန်လည်မိတ်ဆက်ပေးလာခဲ့သည်။ ထိုသို့လက်တင် ဘာသာ ထုံးတမ်း အစဉ်အလာအား ဝတ်ပြုကိုးကွယ်မှုမစ္ဆားတရားတွင်ပြန်လည်ကျင့်သုံးကြစေရန် ဂရီဂိုးရီးယန်း ဓမ္မတေး များအား မစ္ဆားအချိန်တွင်သီဆိုလာကြရန်တိုက်တွန်းမှုများအား၊ ရဟန်းမင်း



ကြီး ဘက်နဒစ် (၁၆) သည် ပြန်လည်ဖော်ပြလာသလို ဗာတီကန် (၂) အစည်းအဝေး ကျင်းပပြီးနောက် အသင်းတော် ရပ်တည်ချက်အား ဝေဖန်ဆန့်ကျင်ကြသည့် SSPX အသင်းမှပြင်သစ်ဆရာတော်ကြီး lefebvre ၏ နောက်လိုက်များနှင့်ပြန်လည် ပေါင်းစည်းရန် ကြိုးပမ်းခဲ့သည်။

(ရွှေလာမည့်စာစောင်တွင်ဆက်လက်ဖတ်ရှုပါရန်)

ဘာသာပြန် Lawrence Jangma Mung Song



## မူကြိုဆရာမများအတွက် မွမ်းမံသင်တန်း။ ၂၀၁၉ ၊မေ ၆ မှ ၁၀။ စိန်ပီတယ်ခန်းမဆောင်၊ ပုသိမ်။

မူကြိုဆရာမများမွမ်းမံသင်တန်းကို ပုသိမ်မြို့ ခန်းမဆောင်တွင် စစ္စတာရ်ခရစ္စတီးနားနီလာအေး၊ ဆရာမနန့်သန်းရင်နှင့် ဆရာမနွယ်နီတို့မှ ဦးဆောင်ပို့ချပေးခဲ့ပါသည်။ မာသာရ်ကော်လက်မှ Management အကြောင်းနှင့်အဖွင့်အားပေးစကား၊ စစ္စတာရ်နီလာမှ Child Psychology ကလေးများအား ကြည့်ရှုနည်း၊ ဆရာမနန့်သန်းရင်၊ ဆရာမနွယ်နီတို့မှ ပုံပြင်၊ ကဗျာ၊ သီချင်းအသစ်များ သင်ကြားပေးခြင်း၊ Games ကစားခြင်းများကို ဦးဆောင်ပေးသွားကြသည်။ သင်ထောက်ကူပစ္စည်း များဝေမျှပေးခြင်း၊ ကျောင်းပေါင်းစုံမှအတွေ့အကြုံများကို နှီးနှောဖလှယ်ခြင်း၊ ဝေမျှခြင်းများအားဖြင့် တစ်နှစ်တာ lesson Plan ကို အတူတကွ ဆွေးနွေးတိုင်ပင်ရေးဆွဲကြပြီး ပိုမိုကောင်းမွန်လျှောက်ပသော သင်ရိုးညွှန်းတမ်းများကို တူညီစွာသင်ကြားနိုင်ရန် ကြိုးစားအကောင်အထည်ဖော်လုပ်ဆောင် ကြသည့်အတွက် ပိုမိုထိရောက်ကောင်းမွန်သော နည်းစနစ်များကို အသုံးချသွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ကျောင်းပေါင်း ၂၁ ကျောင်း(ပုသိမ်၊ သာပေါင်း၊ မော်ဘီ၊ ပြည်၊ မြန်အောင်၊ လှိုင်းဘွဲ့၊ ကော့ကရိတ်) တို့မှ စစ္စတာရ် ၂၈ ပါးနှင့် ဆရာမ ၄၆ ယောက် စုစုပေါင်း ၇၄ ဦးပါဝင်တက်ရောက် ခဲ့ကြပါသည်။




“Wemmicks” ဆိုသည်မှာ သစ်သားနှင့်ထုလုပ်ထားသော၊သေးငယ်သော လူရုပ်သစ်သားများဖြစ်သည်။ သူတို့တစ်ယောက်စီကို Eli” ဆိုသောပန်းပုဆရာကြီးက ထုလုပ်ထားပါသည်။ သူ၏အလုပ်ရုံသည် မနီးမဝေးတောင်ကုန်းလေးပေါ်မှာ တည်ရှိပြီး သူတို့၏ရွာကလေးမှ လှမ်းကြည့်လျှင်မြင်နိုင်သည်။

သစ်သားအရုပ်လေး တစ်ခုစီသည် အသွင်မတူ ခြားနားကြသည်။ တစ်ချို့က နှာခေါင်းကြီးသည်။ တစ်ချို့က မျက်လုံးပြူးသည်။ တချို့က အရပ်ရှည်၍ တချို့က ပုသည်။ တချို့က ဦးထုပ်ဆောင်း၍ တချို့ကအပေါ်အင်္ကျီဝတ်သည်။ သို့သော် သူတို့အားလုံးကို ပန်းပုဆရာကြီး Eli တစ်ဦးတည်းကသာ ထုလုပ်ပြီး သူတို့အားလုံးသည် တစ်ရွာထဲမှာပင် နေထိုင်ကြသည်။

နေ့စဉ်နေ့တိုင်း သစ်သားအရုပ်ကလေးများသည် မိုးလင်းမှမိုးချုပ်တိုင်အတူတူသော အလုပ်ကိုပင် လုပ်ကြသည်။ ထိုအလုပ်မှာ တစ်ဦးကို တစ်ဦး ကပ်ခွာများကပ်ပေးကြသည့် အလုပ်ဖြစ်သည်။ ရွာလမ်းမများပေါ်တွင် သူတို့သည် ရွှေကြယ်နှင့် ခဲစက်ကပ်ခွာများ အချင်းချင်းအပြန်အလှန်ကပ်ပေးနေကြသည်။ သူတို့တစ်ဦးစီ၌ ရွှေကြယ်ကပ်ခွာများနှင့် ခဲစက်ကပ်ခွာများထည့်ထားသော သေတ္တာငယ်တလုံးစီပိုင်ဆိုင်ထားကြသည်။

ချောမွတ်သော အသားအရည်နှင့် လှပညီညာစွာဆေးချယ်ထားသော ချောမော လှပသည့်သစ်သား အရုပ်လေးများသည် အမြဲပင် ရွှေကြယ်ကပ်ခွာများရကြ၍ အသားအရည်ကြမ်းပြီး မညီမညာဆေးချယ်ထားသော သစ်သားအရုပ်လေးများကိုခဲစက်ကပ်ခွာများပေးကြသည်။ အများနှင့်မတူ ထူးခြားသည့် အရည်အချင်းရှိသူများဖြစ်ကြသော ကြီးမားသော သစ်သားတုံးကြီးများကို သူတို့၏ ဦးခေါင်းများထက် ကျော်လွှန်အောင်မတင်နိုင်သူများ၊သေတ္တာအမြင့်ကြီးများထက်ပင် ခုန်ပြန်ကျော်လွှားနိုင်ကြသူများ၊ စကားကြီးစကားကျယ် သုံးနှုန်းပြောဆိုတတ်သူများ၊သီချင်းကိုကောင်းစွာသီဆိုတတ်သူများကိုလူတိုင်းကရွှေကြယ်ကပ်ခွာများပေးကြသည်။ ထိုသူတို့သည် အခြားသူများထက် ရွှေကြယ်များ ပိုမိုရကြသည်။ အကြောင်းမှာသူတို့သည် ရွှေကြယ်တလုံးရတိုင်းအလွန်ပျော်ရွှင်ကြပြီး၊ ထပ်မံ၍အသစ်အဆန်းတစ်ခုကို ပြုလုပ်ကြပြန်

သည်။ ထိုအခါ သူတို့သည် ရွှေကြယ်များ ရသည်ထက်ပိုမို ရကြပြန်သည်။

သို့သော်အချို့သစ်သား အရုပ်လေး များတို့သည် အနည်းငယ်သာ လုပ်ဆောင် နိုင်ကြ၍ခဲစက်များသာရရှိကြ၏။ ထိုအမျိုး အစားထဲတွင် Punchinello ဆိုသူလည်း အပါအဝင် ဖြစ်လေသည်။ သူသည်တခြား သူများကဲ့သို့ အမြင့်ခုန်ဖို့ ကြိုးစားသော် လည်း အမြဲတန်းလိမ့်ကျ လေ့ရှိသည်။ ထိုအခါ သူ့ထံဝိုင်းလာကြပြီး ခဲစက်များကို ပေးကြသည်။ တစ်ခါတရံတွင်လည်း သူ သည် ချော်လဲကျသဖြင့် သူ၏ခန္ဓာကိုယ်မှ သစ်သားများ ကျိုးပဲ့ကာ၊ ပုံပန်းမကျဖြစ် သွားလျှင်လည်းလူများသည်သူ့အားခဲစက် များပင် ထပ်မံပေးကြပြန်သည်။ သူလဲကျ ရခြင်းအကြောင်းရင်းကို ကြိုးစား၍ရှင်းပြပါ သော်လည်း သူ၏မပြေပြစ်သော စကား လုံး အသုံးအနှုန်း များကြောင့် လူတို့သည် သူ့အား ခဲစက်ကပ်ခွာများ ပို၍ပင်ပေးကြ ပါသည်။

အချိန်ကြာ လာသောအခါ အရုပ် လေး Punchinello ၌ ခဲစက်ကပ်ခွာ များ



စွာရရှိနေ၍ အိမ်အပြင်သို့ မထွက်ရဲတော့ လောက်အောင်ပင် ခံစားနေရသည်။ သူ သည် ရှေ့ဆက်ပြီး အမှားများကို ထပ်မံ၍ ပြုလုပ်မိမည်ကိုပင် စိုးရိမ်ထိတ်လန့်၍နေပါ တော့သည်။ အိမ်အပြင်သို့ ထွက်လျှင် ဦး ထုတ်ဆောင်းရန် မေ့လျော့ခြင်း၊ ဗွက်အိုင် များကို ခြေချော် နင်းမိပြန်လျှင် သူ့အား နောက်ထပ် ခဲစက်များကို ပေးကြလိမ့်အုံး မည်ဟူသော အတွေးများက သူ့ကိုချောက် လှန့်ကာ နေတော့သည်။ အမှန်အားဖြင့် သူသည် ခဲစက်ကပ်ခွာများစွာ ရရှိထားနှင့် ပြီး ဖြစ်သောကြောင့် လူအများသည် အ ကြောင်းမရှိပဲ ခဲစက်ကပ်ခွာများကို ထပ်မံ၍ ပေးကြအုံးမည်သာဖြစ်သည်။

သစ်သား အရုပ်လေးများက အရုပ် လေး Puchinello ကို ခဲစက်ကပ်ခွာများ နဲ့သာထိုက်တန်သူ၊ ကောင်းသောပန်းပုရုပ် မဟုတ်ဟု သတ်မှတ်ထားကြသည်။ အ ရုပ်လေး Punchinello ကလည်း တပါး သူတို့ သတ်မှတ်သည့်အတိုင်း ယုံကြည်ပြီး သူ့ကိုယ်ကို ကောင်းသော ပန်းပုရုပ်မဟုတ် ပါဟူ၍သာ ပြောတတ်တော့သည်။ တစ်ခါ တစ်ရံမှသာသူသည်အိမ်ပြင်သို့ထွက်တော့ သည်။ သူသည် အပြင်ထွက်သည့်အခါ တိုင်း သူ့ကဲ့သို့ ခဲစက်များစွာ ရှိထားသော သူများနှင့်သာ ယှဉ်တွဲသွားတော့သည်။ ထို သူများ၏အလည်တွင် နေထိုင်သွားလာရ ခြင်း၌သာ သူနေပျော်တော့သည်။

တနေ့မှာ Punchinello သည် သူ တွေ့ဖူးသောသူများနှင့်မတူသောသစ်သား အရုပ်လေးတခုနှင့် တွေ့ဆုံခဲ့သည်။ သူမ၌ ရွှေကြယ်လည်းမရှိ၊ ခဲစက်လည်းမရှိပေ။

သူမသည် သာမန်သစ်သားရုပ်လေးမျှသာ ဖြစ်သည်။ သူမ၏ နာမည်မှာ Lulia ဖြစ်သည်။ လူတွေကသူမကိုကပ်ခွာများ မပေးချင်၍ မဟုတ်ပါ။ အမှတ်တံဆိပ် ကပ်ခွာများသည်သူမ၏ကိုယ်၌ကပ်၍မရနိုင်သောကြောင့်ဖြစ်သည်။တချို့ကLulia ကိုခဲစက်ကပ်ခွာတခုမျှမရှိ၍ ချီးမွမ်းကြပြီးရွှေကြယ်ကပ်ခွာပေးကြသည်၊ သို့သော် ထိုရွှေကြယ်ကပ်ခွာလေး သူမ၌မကပ်ပဲ နေလေသည်။ တချို့ကသူမမှာ ရွှေကြယ်များမရှိ၍ သူမအားအထင်သေးပြီး ခဲစက်ကပ်ခွာ ပေးကြသည်။ သို့သော်ထိုခဲစက်သည်လည်း သူမ၌မကပ်ပဲနေသည်။

ဒီအခါမှာ Punchinello က ငါလည်းသူ့လိုပုံစံမျိုး ဖြစ်ချင်လိုက်တာ၊ ဘယ်သူပေးတဲ့ အမှတ်တံဆိပ်ကပ်ခွာတွေကိုမှ မလိုချင်ဘူးလို့ သူတွေးနေမိတယ်။ ဒီလိုနဲ့ Punchinello က ဘာအမှတ်တံဆိပ်မှမရှိတဲ့ သစ်သားပန်းပုရုပ်လေးကို သူမဘယ်လို လုပ်သလဲလို့ မေးတဲ့အခါ၊ Lulia ကအဖြေ ပေးလိုက်ပါတယ်၊ ဒါက လွယ်ပါတယ်၊ ကျွန်မနေ့တိုင်း Eli ဆီကို သွားတွေ့တယ်တဲ့။

Punchinello - "Eli" ဟုတ်လား

Lulia – "ဟုတ်တယ်၊ ပန်းပုဆရာကြီး Eli ပါ။ ကျွန်မသူ့အလုပ်ရုံထဲမှာ သူနဲ့အတူထိုင်တယ်။

Punchinello - "ဘာကြောင့်လဲ။"

Lulia - "ဘာကြောင့်သင်ဟာကိုယ့်ကိုယ်ကိုမစမ်းစစ်တာလဲ၊ တောင်ပေါ်တက်သွားပါ။ သူရှိနေပါတယ်။" လို့ပြောတယ်။ ဒါနဲ့ ဘာအမှတ်တံဆိပ်မှ မရှိတဲ့ သစ်သားပန်းပုရုပ်ကလေးလည်း လှည့်ကာ ထွက်သွားလေသည်။

Punchinello – ဒါပေမဲ့ သူ့ငါ့ကိုတွေ့ချင်မှာတော့ မဟုတ်ပါဘူး လို့အော်ပြောသော်လည်း Lulia ကမကြားတော့ချေ။ ဒါနဲ့ Punchinello လည်း အိမ်ပြန်သွားလေသည်။ သူဟာအိမ်ရဲ့ပြတင်းပေါက်နားထိုင်ပြီးပန်းပုရုပ်လေးတွေ အချင်းချင်း ရွှေကြယ်နဲ့ ခဲစက်ကပ်ခွာတွေပေးရင်းအလုပ်



များနေကြတာကို ငေးကြည့်ရင်းက ဒါကတော့အမှန်တရား မဟုတ်သေးပါဘူး လို့တွေးပြီး စိတ်ရှုပ်စွာနဲ့ ရေရွတ်ယင်း ချက်ချင်းဆိုသလိုပဲ ပန်းပုဆရာကြီး Eli ကိုတွေ့ရန် စိတ်ပိုင်းဖြတ်ကာ ချက်ခြင်းထ၍ ထွက်သွားလေသည်။

သူသည် တောင်ကုန်း ပေါ်သို့ တောင်တက်လမ်းကျဉ်းလေးအတိုင်းတက်သွားပြီးအလုပ်ရုံကြီးထဲသို့လှမ်းဝင်လိုက်လေ၏။ အလုပ်ရုံကြီး အတွင်းတွင် သစ်သား အရုပ်ကလေးများ အရွယ်အစားအမျိုးစုံကို မြင်တွေ့လိုက်ရသောအခါ သူ၏

သစ်သားမျက်လုံးလေးများ ပို၍ကျယ်လာပါတော့သည်။ ခွေးခြေထိုင်ခုံသည် သူ၏အရပ်လောက်မြင့်သည်။ သူ၏ ခြေဖျားများထောက်ကာအလုပ်ခုန်တန်းရှည်အပေါ်သို့ မော့ကြည့်လိုက်သည်။ တူသည်သူ့လက်မောင်းလောက်ကြီးသည်။ Punchinello သည်တံတွေးပင်မမျိုချနိုင်အောင်အသက်ရှုကြပ်လာလေသည်။ ''ငါဒီမှာ မနေတော့ဘူး'' ဆိုပြီး အိမ်ပြန်ရန် လှည့်ထွက်လိုက်လေသည်။



ထိုခဏချင်းတွင်ပင် အနောက်မှ သူ၏နာမည်ကို ခေါ်သံကြားလိုက်ရလေသည်။ Punchinello ...!!! ဟူသည့် ခေါ်သံသည် လေးနက်၍ ခန့်ညားသည်။ Punchinello သည် ရပ်တန့်သွားလေ၏။ ''Punchinello မင်းကို တွေ့ရတာ ဝမ်းသာပါတယ်။ လာပါအုံး၊ မင်းကိုငါကြည့်စမ်းပါရစေအုံးဟုဆိုလေ၏။ Punchinello လည်းတဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်ရာ မုတ်ဆိတ်မွေးနှင့်လူ၊ လက်မှုပညာသမားကြီး Eli ကိုတွေ့ရလေသည်။

Punchinello- က''သင်ကျွန်တော့ကိုသိတယ် ဟုတ်လား။'' လို့မေးလိုက်သည်။

Eli- ''ငါမင်းကို သိပ်သိတာပေါ့၊ မင်းကို ငါက ထုလုပ်ထားတာပဲလေဟု ဆိုပြီး Punchinello ကို ကောက်ချီကာ အလုပ်ခုံပေါ်တင်လိုက်လေသည်။ ပန်းပုဆရာကြီး Eli ကလည်း Punchinello ၏ခဲစက်များကို စေ့စေ့စပ်စပ်ကြည့်ယင်း စာနာသောစိတ်ဖြင့် ပြောလိုက်သည်မှာ ''အင်း မင်းမှာ မကောင်းတဲ့ မှတ်ချက်တွေ အများကြီးရထားတာပဲကိုး။

Punchinello - ''ဒါတွေကကျွန်တော့ကို အမှန်တကယ် ကိုယ်စားမပြုပါဘူး၊ ကျွန်တော်တကယ်ပဲကြိုးစားခဲ့ပါတယ်။

Eli - ''အိုး မင်းကိုယ်မင်းကာကွယ်ပြောနေဖို့မလိုပါဘူး ကလေးရယ်။ တစ်ခြားသူတွေထင်တာမြင်တာကို ငါဂရုမစိုက်ပါဘူး။

Punchinello - ''သင်ဂရုမစိုက်ဘူး၊ ဟုတ်လား''

Eli - ''ဟုတ်တယ် ငါ ဂရုမစိုက်ဘူး၊ မင်းလည်း ဂရုမစိုက်သင့်ဘူး၊ သူတို့တွေက ဘယ်သူတွေမို့ ရွှေကြယ်တွေ၊ ခဲစက်တွေ ပေးနေကြတာလဲ။ သူတို့တွေလဲ မင်းလိုပဲ သစ်သားလူရုပ်တွေပဲ မဟုတ်လား။ သူတို့ထင်တာတွေ အရေးမကြီးပါဘူး၊ Punchinello ရယ်။ ငါက ဘယ်လိုထင်သလဲဆိုတာသာအရေးကြီးတာပါ။ ငါထင်တာကတော့ မင်းဟာ တကယ်ကိုထူးခြားတဲ့သူဖြစ်တယ်။''

Punchinello - သည်ရယ်မောလျှက် ကျွန်တော်ဟာ ထူးခြားတဲ့သူဖြစ်တယ် ဟုတ်လား။ ဘာကြောင့်လဲ၊ ကျွန်တော်က လမ်းအမြန်မလျှောက်နိုင်ဘူး၊ မခုန်နိုင်ဘူး၊

ကျွန်တော့်ကိုယ်က သုတ်ဆေးတွေ ကလဲ ပျယ်ကုန်ပြီ။ ဘာကြောင့်ကျွန်တော်ကသင့် အတွက် အရေးပါရတာလဲလို့ မေးလိုက်တဲ့ အခါ Eli - က Punchinello ကိုကြည့်ပြီး သူ၏ သေးငယ်သော သစ်သားပခုံးလေး ပေါ်မှာလက်ကိုတင်၍ ညင်ညင်သာသာ ပြောလိုက်သည့်မှာ "သင်ဟာငါရဲ့ အပိုင် ဖြစ်တယ်၊ ဒါကြောင့်သင်ဟာ ငါ့အတွက် အရေးကြီးတယ်။"

Punchinello သည် ဤ ပန်းပု ဆရာကြီး သူ့အပေါ်ကြည့်သော အကြည့် မျိုးကို မည်သူ့ထံကမှမတွေ့ခဲ့ဖူးခဲ့ပေ။ သူ မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားလေ သည်။ Eli က ဆက်၍ "မင်းလာလိမ့်မယ် လို့ ငါနေ့တိုင်း မျှော်လင့်နေတယ်။" ဟုပြောပြ၏။

Punchinello- က "ကျွန်တော်လာရခြင်း အကြောင်းကတော့ ဘာကပ်ခွာမှမရှိတဲ့ သစ်သား ပန်းပုရုပ်လေး Lulia ကို တွေ့ခဲ့ လို့ပဲ။"

Eli -"ငါသိတယ်။ သူမက မင်းအကြောင်း ကိုပြောပြပြီးပြီ။"

Punchinello - "ဘာကြောင့် ကပ်ခွာများ သူမမှာမကပ်ရသလဲ။"

Eli - " ဘာကြောင့်လည်းဆိုရင် သူတစ်ပါး ထင်တာထက် ငါထင်တာက ပိုအရေးကြီး တယ်ဆိုတာကို၊ သူတို့ မသိထားလို့ပါ။ ကပ်ခွာဆိုတာက မင်းကအခွင့်ပြုမှ မင်း ကိုကပ် နိုင်မှာပါ။"

Punchinello - "ဘယ်လိုပါလဲ။"

Eli - "မင်းဟာအဲဒီကပ်ခွာတွေကို ဂရုစိုက် အလေးထားနေသ၍ အဲဒီကပ်ခွာတွေဟာ မင်းကိုယ်မှာ ကပ်နေကြမှာပဲ။ မင်းဟာ ငါ့မေတ္တာကိုပိုပြီးအလေးထားယုံကြည်လေ လေထိုကပ်ခွာတွေကို မင်းကိုယ်မှာဂရုစိုက် မှုလျော့လေလေဖြစ်လိမ့်မယ်။"

Punchinello - "ကျွန်တော် ကောင်း ကောင်း နားမလည်သေးပါဘူး။"

Eli - "တဖြည်းဖြည်းတော့ မင်းနားလည် လာမှာပါ။ ဒါဟာအချိန်ယူရလိမ့်မယ်။ အခုအချိန်မှာတော့ မင်းမှာ မှတ်ချက်တွေ တော်တော် များလှပါတယ်။ အခုအချိန် ကနေစပြီး မင်းငါ့ကိုနေ့တိုင်း လာတွေ့ပါ။ အဲ့ဒီခါ ငါမင်းကို ဘယ်လောက် ချစ်တယ် ဆိုတာ သတိပေးပါရစေ။"

Eli - ဟာ Punchinello အား အလုပ်ခုံ ပေါ်မှချီပင့်ကာ မြေကြီးပေါ်သို့ချပေးလိုက် လေသည်။ တံခါးဝဆီသို့ဦးတည်လျှောက် နေသောသစ်သားပန်းပုရုပ်လူကလေးအား ပန်းပုဆရာကြီး Eli ပြော လိုက်သည့်မှာ သင်ဟာ ထူးခြားတဲ့လူဖြစ်တယ်။ ဘာ ကြောင့်လဲဆိုတော့ မင်းကိုငါ ထုလုပ်ထား တာဆိုတာရယ်၊ ငါဟာဘယ်တော့မှအမှား မပြုလုပ်ဘူးဆိုတာကို မင်းအမြဲသတိယပါ။

Punchinello သည် သူလျှောက် လှမ်းနေသောလမ်းကို မရပ်တန့်တော့ပါ၊ သို့သော် သူ၏နှလုံးသားထဲမှ အတွေးတစ် ခုဝင်ရောက်လာတာ ကတော့ သူပြောတာ ဟုတ်တယ်လို့ငါထင်တယ်ဆိုတဲ့အရာပါပဲ။ ဒီအရာကို သူအမှန်တကယ် လက်ခံပြီး လိုက်နာကျင့်သုံးတဲ့ အချိန်ကစပြီး ခဲစက် ကပ်ခွာလေးတွေ တစ်ခုပြီးတစ်ခု မြေပေါ် သို့ပြုတ်ကျသွားပါတော့သည်။

Max Lucado \ Wemmicks သစ်သားရုပ် ကလေးများ၏ ပုံပြင်မှ ဘာသာပြန်ဆို ထားပါသည်။

*Annaaung* (SFX)



# အမှား

# MISTAKES

ကျွန်ုပ်တို့ ဘဝတွင်ဆုံးဖြတ်ချက်ချသော အလုပ်ကို မကြာမကြာ လုပ်ကြရသည်။ သခင်ယေရှုလည်း ဆုံးဖြတ်ချက်များချခြင်းကို ပြုခဲ့ပါသည်။

ထိုသို့ဆုံးဖြတ်ချက်ချရာ၌အမှားရှိမရှိ မသိရသေးကားစွန့်စားမှုဆန်ဆန်ပြုရတတ်ပေသည်။ ကျွန်ုပ်တို့သည် အမှားကင်းသော အလွန်ကောင်းမွန်သည့်ဆုံးဖြတ်ချက်ချနိုင်သည့်အခါရှိကောင်းရှိမည်။ အရှုံးအမြတ်ရောနှောသည့် ဆုံးဖြတ်ချက်ချမိသည့်အခါရှိမည်။ (သို့) ပျက်စီးရာအကြောင်းဖြစ်စေမည့် ဆုံးဖြတ်ချက်မျိုး ချကောင်းချမိပေမည်။

သခင်ယေရှုလူ (၁၂) ဦး ရွေးခဲ့သည်။ တစ်ဆယ့်နှစ်ကြိမ်ဆုံးဖြတ်ခဲ့သည်။ တစ်ဆယ့်တစ်ကြိမ်သာအမှန်ဖြစ်ခဲ့သည်။ ယုဒကိုရွေးခြင်းဖြင့် အမှားတစ်ခုဖြစ်ခဲ့သည်။

အချို့သောသူများသည် ပြုလုပ်ခဲ့ပြီးသောအမှားကိုကျောပိုးအိတ်သဖွယ် မိမိတို့ပုခုံးပေါ်ထမ်းထားတတ်ကြသည့် အမှားလုပ်မိပြီဟု ကြေငြာတတ်သေးသည်။ မိမိကိုယ်ကို စိတ်ပျက်ညှိုးငယ်ရန် စီရင်ချက်ချယူပြီးဝမ်းနည်း၊ မပျော်ရွှင်ခြင်းသို့ ရောက်ရတော့သည်။

ဒီလိုမလုပ်ခဲ့မိရင်ကောင်းမည်။ မည်သူနဲ့ဖြင့် မတွေ့ခဲ့ရင်ကောင်းမည်။ သည်နေရာကို မသွားခဲ့ရင်ကောင်းမည်။ ဒါတွေမဝယ်ခဲ့မိလျှင်ကောင်းမည်ဟူ၍ ယူကျုံးမရ၊ မကျေမချမ်းဖြစ်လျှက်တွေ့ရာလူကိုငြီးငြူပြလျှက် လွန်ပြီးသောအမှားကို မိမိကျောပေါ်လေးလံစွာ ဆက်လက် သယ်ဆောင်နေသူသည် မိုက်မဲညာဏ် နည်းခြင်းသာဖြစ်သည်။

ထိုသို့မဟုတ်ဘဲ အချို့မှာမူအမှားအယွင်းပြုလုပ်မိပြီးသော်၊ ယင်းအမှားကို သိရှိဆင်ခြင်၍ ဘုရားဆီသို့လှည့်ကာ သခင်ဘုရား ကျွန်ုပ်မှားသွားပါပြီ။ ဤအမှားမှထူမတော်မူပါ။ ဆုံးဖြတ်ချက်အသစ်တဖန် စတင်နိုင်ရန်ကူညီတော်မူပါ။ ကျွန်ုပ်သည်သစ်လွင်သောသူအဖြစ်သို့ ပြန်လည်ရောက်ရှိလာနိုင်ပါမည့်အကြောင်း၊ ကိုယ်တော်ကိုယုံကြည်အားကိုးပါ၏။ စသဖြင့်ဆုတောင်းလျှက် ရွှေလက်တော်သို့ အပ်နှံတတ်ခြင်းသည် လိမ္မာသူ၊ ပညာရှိသူ ဆန်ပေသည်။

အမှားအတွက်နောင်တယူ ပြုပြင်ရမည်မှန်သော်လည်း ကျွန်ုပ်တို့သည်ပြုမိသောအမှားအယွင်းကို သယ်ပိုး၍လေးလံဝန်ပိလျှက် သွားလာနေထိုင်ရန် ဘုရားသခင်မလိုလားပါ။ အမှားကိုသိမြင်ကာ သင်ခန်းစာယူလျှက်ရှေ့သို့လန်းဆန်းသော အားအင်သစ်အမြင်သစ်၊ အသိညာဏ်အသစ်နှင့်စိတ်ပျော်ရွှင်ပေ့ါပါးစွာ ဆက်လက်၍ဘဝကို ရင်ဆိုင်သက်ရှင်တတ်ရန်လိုအပ်ပါသည်။

**အင်ပိုင်းပန်** (S.J.A)

➤ စာမျက်နှာ - ၂၇ မှ

ဦးတင်မောင်သည် သူခိုးတစ်ယောက်မှ လူကောင်းအဖြစ် ပြောင်းလဲလာသူဖြစ်သည်။ ဦးတင်မောင်သည်ယခင်က မည်ကဲ့သို့ပိုမိုဆိုးရွားသွားပုံကို သူပြန်ပြောပြသည်မှာ ''အစပိုင်းမှာတော့ ကျွန်တော်စားသောက်ဆိုင်က အစားအစာနဲ့ပစ္စည်းအသေးအဖွဲလေးတွေပဲ ခိုးယူတတ်ခဲ့တယ်။ နောက်ပိုင်းမှာတော့ ပစ္စည်းအကြီးစားတွေ ခိုးယူချင်စိတ်ပေါ်လာတယ်။ ဒါနဲ့ပဲလျှပ်စစ်ဆိုင်ကြီးကနေ ပစ္စည်းတွေကိုခိုးယူခဲ့တယ်။ ဒါနဲ့တင်မကျေနပ်သေးဘူး။'' ဒါဘာမှ မဟုတ်သေးပါဘူး၊ ဒါတွေထက်ဈေးများတဲ့ ပစ္စည်းတွေအများကြီးရှိပါသေးတယ်။ အဲဒီပစ္စည်းတွေသာ ခိုးယူလိုက်ရင်တော်တော် အဆင်ပြေမှာဘဲလို့ ကျွန်တော်စိတ်ထဲမှာ ပေါ်လာပြန်တယ်။ စိတ်ထိန်းလို့မရတော့တဲ့အဆုံး ပစ္စည်းအကြီးတွေကို ခိုးယူလိုက်တယ်။

အဲဒါကို အပြစ်ရှိတယ်လို့မခံစားရတဲ့အပြင် ကျွန်တော်အရမ်းပျော်ပြီး ဂုဏ်တောင်ယူလိုက်သေးတယ်။ နောက်ပိုင်း ပိုဆိုးသထက်ဆိုးတဲ့အဆိုးတွေပြုလုပ်ပြီး အသိစိတ်တွေပြန်ရတဲ့ချိန်မှာတော့ ကျွန်တော်တော်တော်လေး အခြေအနေဆိုးနေပြီ၊ မကောင်းတဲ့စိတ်စွမ်းအားရဲ့သွေးဆောင်ဖြားယောင်းမှုအောက်မှာ မှိုင်းမိနေခဲ့တာပေါ့။ အဲဒီချိန်မှာ ကျွန်တော်အဖမ်းခံရပြီးမှအပြစ်ရှိတယ်လို့ခံစားလာရတယ်။ နောင်တ တရားတွေ ကောင်းကောင်းကြီးကိုရနေပါပြီ၊ လူကောင်းပြန်ဖြစ်ခွင့်ရလို့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။'' ဟုပြောပြလေသည်။

## (ခ) ကောင်းသောစိတ်စွမ်းအား၏ နည်းလမ်းများ

ကောင်းသော စိတ်စွမ်းအားသည် မကောင်းသောစိတ်စွမ်းအား၏ နည်းလမ်းများနှင့် ဆန့်ကျင်ဘက် နည်းလမ်းများကိုအသုံးပြုကာ ဘုရားသခင်နှင့်ပိုမိုနီးကပ် လာစေသည်။ ကောင်းသောစိတ်စွမ်းအားသည် လူတို့၏အသိစိတ်မှတဆင့် အမှန်တရား (သို့) အတွေးမှန်ဘက်သို့ စဉ်းစားတွေးခေါ်လာအောင် ကြိုးစားကူညီပေး၏။ အမှန်တရားဘက်သို့ မလိုက်ဘဲ အမှားဘက်တွေးခေါ်ကာ မကောင်းပြောဆိုသူများကိုဆန့်ကျင်ပြီး လမ်းမှန်ဘက်သို့ ဆွဲဆောင်တတ်၏။ ပုံမှန်အားဖြင့်ကောင်းသောစိတ်စွမ်းအားသည် အမှားလုပ်သူများကိုသူတို့၏ စိတ်နှလုံး၌ အပြစ်ရှိကြောင်း ဝန်ခံစေပြီး လူ့ကိုယ်ကျင့်သိက္ခာနှင့် အညီ ပြန်လည်စဉ်းစားသုံးသပ်စေသည်။ မှန်ကန်သည့် ဘဝဖြင့် နေထိုင်ရန် တိုက်တွန်း အားပေးလေသည်။



**ဥပမာ၊** အထက်တွင် ဖော်ပြထားသည့် ဦးတင်မောင်သည် အရင်က ခိုးယူရန်စဉ်းစားသည့်အခါတိုင်း ခိုးယူခြင်းသည် မကောင်းသည့် အပြုအမူဖြစ်ပြီး မိမိကိုယ်ကို ဖျက်ဆီးခြင်းသို့ ရောက်စေမည်ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် လှုံ့ဆော် အားပေး၏။ ထိုအခြေအနေမျိုးတွင် ဦးတင်မောင်၏ စိတ်ထဲ၌ ကောင်းသော စိတ်စွမ်းအား၏ လှုံ့ဆော်မှုကိုခံစား



ရ၏။ ခိုးယူလိုစိတ်ပေါ်လာသည့်အခါတွင်လိပ်ပြာမသန့်ဘဲကြောက်စိတ်နှင့်အတူစိတ်မငြိမ်မသက်ဖြစ်ရလေသည်။ ထိုကဲ့သို့ ဦးတင်မောင် စိတ်မငြိမ်မသက် ဖြစ်ပြီးနောက် ခိုးယူခြင်းဖြင့်မိမိ၏အကျင့်စာရိတ္တပျက်စီးသည့်အပြင် တစ်ပါးသူ၏ စီးပွားရေးကိုလည်းထိခိုက်မည်ဖြစ်ကြောင်း၊ ကောင်းသောစိတ်စွမ်းအားကလှုံ့ဆော်အားပေးသည်။

ကောင်းသော စိတ်စွမ်းအားသည် မကောင်းမှုပြုလုပ်သူအား တစ်ဦးဦးကို လွမ်းဆွေးသည့် ခံစားချက်မျိုး ဖြစ်ပေါ်စေသည်။ ထိုသို့လွမ်းဆွေးသည့် ခံစားချက်ဖြစ်ပေါ်လာခြင်းမှာ မကောင်းမှုပြုလုပ်သူ၏ စိတ်နှလုံးထဲ၌ဘုရားသခင်ကိုတမ်းတ သည့်စိတ်ရှိနေခြင်းကြောင့်ဖြစ်သည်။

**ဥပမာ၊** ကလေးတစ်ယောက်၏ အမေဖြစ်သူ မရီရီသည် သူမ၏နောက်ထပ်ချစ်သူအသစ်တစ်ယောက်နှင့် အတူနေခဲ့သည်။ သူမချစ်သူအသစ်၏ အိမ်၌ရှိနေစဉ် ယခင်ကသူမယောကျ်ားနှင့်အတူ၊ သူမထားရစ်ခဲ့သည့် ကလေးငယ်ကိုလွမ်းဆွေးတမ်းတရင်း စိတ်ပူလာစေအောင် ကောင်းသောစိတ်စွမ်းအားက လှုံ့ဆော်ပေး၏။ သူမကိုသိပ်မချစ်ခဲ့သည့် သူမ၏ယောကျ်ားအတွက် စိတ်ပျက်သော်လည်း ကလေးငယ်ကိုချစ်သည့် သံယောဇဉ်ကြောင့် စိတ်ပူပင် သောကရောက်ခြင်းနှင့်စိတ်ရှုပ်ထွေးခြင်းများ ဖြစ်ပေါ်လာစေသည်။ နောက်ဆုံးတွင်ကလေးငယ်ကိုချစ်သည့် သံယောဇဉ်ကြောင့်သူမိမ်သို့ပြန်လာခဲ့လေသည်။

... ရှေ့လတွင်ဆက်ဖတ်ပါရန် ...

Bro. J. Thang Ha (SJ)








# ပြောင်းလဲပြီလား ....

မြေမြူအာပင်

သား –"ရပြီလားအမိုးရေ့"
အမေ –"မရသေးဘူးသားရေ၊ နည်းနည်းလောက်ထပ်လှည့်လိုက်ဦး"
သား –"ရပြီလား အမိုး့ သား ကျောင်းကုန်းဘက်ကိုလှည့်ထားပြီ့"
အမေ –"အေး၊ ရပြီသားရေ၊ ကြည်သွားပြီ"

ဒါကတော့ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ် ဝန်းကျင်ခန့်က အင်မတန်မှ ဘောလုံးဝါသနာပါတဲ့ ကျွန်တော့်အမေနဲ့ ကျွန်တော်တို့သားအမိနှစ်ယောက် မြန်မာ့အသံရုပ်သံလိုင်းကနေလွှင့်မဲ့ မြန်မာနဲ့ထိုင်းနောက်ဆုံးဗိုလ်လုပွဲကို ကြည့်ဖို့ကြိုးစားနေခြင်း ဖြစ်ပါတယ်။ ကျောင်းကုန်း ဆိုတဲ့မြို့ကနေ ထပ်ဆင့်လွှင့်တာ ကြောင့် TV ရဲ့ (Skynet)တိုင်ကို ကျောင်းကုန်းဘက်သို့ လှည့်နေရခြင်းဖြစ်ပါတယ်။ လိုင်းမကောင်းရင်ဆယ်မိနစ်၊ဆယ့်ငါးမိနစ်လောက် ဖြတ်တတ်သေးတယ်။ ဒါပေမဲ့ ဒီနေ့ခေတ် အချိန်အခါမှာတော့ ရုပ်သံထုတ်လွှင့်မှုတွေ လိုင်းပေါင်းစုံ ပေါ်လာပါပြီ။ ရုပ်ရှင်ကြည့်နေတဲ့ အချိန်မှာလဲ ဖြတ်တောက်မှုဆိုတာ မရှိသလောက် နည်းလာခဲ့ပါတယ်။ ရာသီဥတု တအားဆိုးမှသာ ဖြတ်တောက်တတ်ပါတယ်။ ဘယ်လိုပဲဖြစ်ပါစေ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် အချိန်ကနဲ့



ယနေ့ခေတ် အချိန်ကာလကို ပြန်ပြီးနှိုင်းယှဉ်ကြည့်မယ်ဆိုရင် အင်မတန် ကွာခြားသွားတာကို ကျွန်တော်တို့သတိထားမိကြပါတယ်။ လူတွေရဲ့ဖန်တီးတည်ထွင်မှုကြောင့် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲတိုးတက်လာခဲ့တယ်။

အဲ့ဒီလိုပြောင်းလဲတိုးတက်လာခြင်းရဲ့ အသီးအပွင့်တွေကိုလည်း ကျွန်တော်တို့ ခံစားတွေ့ရှိနိုင်ကြပြီဖြစ်ပါတယ်။ ဒါဟာတိုးတက်လာတဲ့ ခေတ်ရဲ့ ပြောင်းလဲခြင်း အသီးအပွင့် တွေပဲဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်စဉ်းစားမိတာက ကျွန်တော်နဲ့ ဘုရားသခင်ကြားမှာရှိနေတဲ့ ဆက်ဆံရေး၊ ရင်းနှီးကျွမ်းဝင်မှု၊ မိတ်သဟာရဖွဲ့မှုအခြေအနေပါပဲ။ ကျွန်တော် ငယ်စဉ်ကတည်းက ဘုရားရှိခိုးလာခဲ့တယ်။ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းပုံမှန်သွားခဲ့တယ်။ မေလ စိတ်ပုတီးစိတ်တိုင်း ပါဝင်ခဲ့တယ်။ ရွာထဲမှာ ဘုရားရှိခိုးရှိတိုင်း ကျွန်တော် လိုက်သွားခဲ့တယ်။ ဆုတောင်းခြင်းတွေမှာ ပါဝင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ဘာမှ ထူးထူးခြားခြား မပြောင်းလဲသေးပါဘူး။ ဘုရားရှိခိုး၊ ဆုတောင်းခြင်းရဲ့ အသီးအပွင့်တွေကို မခံစားရသေးပါဘူး။

ဘုရားရှင်နဲ့ ရင်းနှီးကျွမ်းဝင်မှုက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က အတိုင်းပါပဲလားဆိုတာ ကျွန်တော်ပြန်စဉ်းစား သုံးသပ်မိတယ်။ ဘုရားရှိခိုး၊ ဆုတောင်းပေမဲ့ ဘုရားနဲ့ရင်းနှီးကျွမ်းဝင်မှုဆိုတာ မရခဲ့ဘူး။ ဆုတောင်းပေမဲ့ ဝိညာဉ်ရေးအတွက် ဘာမှ မစုဆောင်းနိုင်ခဲ့ဘူး။ ဘာကြောင့်လဲ ပြန်စဉ်းစားကြည့်မိတယ်။ သေချာတာတစ်ခုကတော့ ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်း နည်းလမ်း မသိခဲ့တာနဲ့ နည်းလမ်း မကျခဲ့တာပဲ ဖြစ်ရမယ်။

တကယ်တော့ဆုတောင်းခြင်းဆိုတာ ဘုရားသခင်ထံမှ တစ်ဘက်သတ် လိုရာတောင်းခံခြင်းမျိုးသက်သက် မဟုတ်ပါ။ ဆုတောင်းခြင်းဆိုတာ ကျွန်တော်တို့ဆီက အလိုက်သင့် ခွန်အားစိုက်ထုတ်ဖို့လည်း ဖြစ်သင့်ပါတယ်။ ဆုတောင်းခြင်းဆိုတာသုံးသပ်ခြင်းတစ်မျိုးလို့လည်းပြောနိုင်ပါတယ်။

အချိန်ယူပြီးကိုယ့်ကိုယ်ကိုသုံးသပ်ပါတယ်။ ပတ်ဝန်းကျင်ရဲ့အခြေအနေကိုသုံးသပ်ပါတယ်။ ဖြစ်ချင်တာနဲ့ဖြစ်သင့်တာတွေကို သုံးသပ်ပါတယ်။ ဘုရားအလိုနဲ့ ကိုယ့်အလိုတွေကို သုံးသပ်ပါတယ်။ ဘုရားပေးအစွမ်းနဲ့ ဘုရားကျေးဇူးတွေကို သုံးသပ်ပါတယ်။ မှန်တာရွေးနိုင်ဖို့ကောင်းတာလုပ်နိုင်ဖို့သုံးသပ်ပါတယ်။ အမြင်ရှင်းရှင်းနဲ့အသင့်ပြင်ပြီး သမာဓိလမ်းတစ်လျှောက် အဟန့်အတားများကိုမားမားမတ်မတ် ရင်ဆိုင်နေပါတယ်။ ♛♛♛♛♛♛♛

မြေတပင်






# ယုံကြည်ခြင်းနှင့် ရှင်သန်ခြင်း

တစ်ခါတစ်ရံမှာ မိမိကိုယ်ကို ပြန်စဉ်းစားရင်း မေးခွန်းထုတ်မိ လေ့ရှိသည်။ မိမိအသက်ရှင်နေခြင်းသည် မည်သည့်အတွက်ကြောင့် အသက်ရှင်သန်နေရသည် ဆိုသည့်အကြောင်း ပြန်လည်မေးခွန်းထုတ်မိသလို၊ မိမိယုံကြည် သက်ဝင်သည့် ဘာသာတရား၏အရှင် အဖဘုရားသခင်ကို ယုံကြည်သည့် ယုံကြည်ခြင်းသည် ငယ်စဉ်ကမိဘများ ပြုစုပျိုးထောင်ပေးမှုကြောင့် အလိုက်သင့် ယုံကြည်သူတစ်ယောက် ဖြစ်လာခဲ့ရသည်။

ယုံကြည်သူ ဖြစ်လာရခြင်း၏ အဓိကအကြောင်းရင်းသည် ဘိုးဘေး၊ မိဘများ၏ ယုံကြည်ခြင်း လက်ဆင့်ကမ်းခြင်းကြောင့် ဖြစ်လာရပါသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်က လူသားအားလုံးအား အဖိုးအခမဲ့ပေးသော ကျေးဇူးတော်ဖြစ်သည်ဟု CCC-162 တွင်ဖော်ပြထားပါသည်။ ခရစ်ယာန် တစ်ဦးဖြစ်လာရခြင်း၊ ယုံကြည်သူတစ်ယောက်ဖြစ်ရခြင်းဖြင့် မိမိကိုယ်ကိုဂုဏ်ယူ ကျေနပ်မိပါသည်။ ယုံကြည်သူတစ်ဦးအနေနှင့် မည်ကဲ့သို့ကျင့်ကြံနေထိုင်ရမည်၊ စံပြုထိုက်သူများအားဖြင့်၊ ယုံကြည်ခြင်း တိုးပွားအောင် မည့်ကဲ့သို့နေထိုင်ကြိုးစားသင့်သည် စသည့်နည်းဥပဒေများ ရှိသည်ကို တွေ့ရသည်။ ယုံကြည်ခြင်းကြောင့် နာခံခြင်း၌ စံနမူနာပြခဲ့သော အဖအာဗြဟံ၏ ယုံကြည်ခြင်းကို စံပြုနိုင်ပေသည်။ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ခေါ်တော်မူခြင်းကိုခံရသောအခါ မည်သည့်နေရာသို့ သွားရမည်ကို မသိပဲဘုရားသခင်၏စကားကိုအပြည့်အဝနာခံခဲ့သည်။ ဘုရားသခင်၏ စုံစမ်း၊ စမ်းသပ်ခြင်းကို ခံရသည့်အခါ ယုံကြည်ခြင်းအားဖြင့်အီဇက်ကိုပူဇော်ခဲ့သည်။ ယုံကြည်ခြင်းဆိုသည်မှာ မိမိတို့မျှော်လင့်ထားသည့်အကြောင်းအရာနှင့်ပတ်သက်ပြီး အာမခံချက်ရရှိခြင်းနှင့် မမြင်နိုင်သောအရာတို့အမှန်တကယ်တည်ရှိကြောင်းအခိုင်အမာသိရှိလာခြင်းပင်ဖြစ်သည်။ အာဗြာဟံသည် ဘုရားသခင်ကိုယုံကြည်ခဲ့၍ သူ၏ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်သူဟု သတ်မှတ်ခံရပြီး ယုံကြည်သူအပေါင်းတို့၏ဖခင်ဖြစ်လာခဲ့သည်။ CCC 145-6

အမိမယ်တော်သည်လည်းယုံကြည်ခြင်းဖြင့် နာခံမှုကိုပြီးပြည့်စုံစွာ သရုပ်ဖော်ခဲ့

သည်။ ဘုရားသခင်နှင့်ဆိုလျှင် မည်သည့် အရာမှ မဖြစ်နိုင်တာမရှိဟု ယုံကြည်ပြီး သူမ၏ သဘောတူညီမှုကို ဤသို့ပေးဆပ်ခဲ့သည်။

ယုံကြည်ခြင်း၌ ရှင်သန်ကြီးထွားရန်ကျွန်ုပ်တို့သည်ဘုရားသခင်၏နှုတ်တော်ထွက်စကားအားဖြင့် အစာအာဟာရကိုရရှိမည်။ ယုံကြည်ခြင်း၌ တိုးတက်ခိုင်မြဲရန်ဆုတောင်းခြင်းဖြင့်ရရှိမည်။ CCC. 162

အထက်ပါ ကောက်နှုတ်ချက်များသည် ယုံကြည်သူတစ်ဦးအနေဖြင့် နေ့စဉ်ရှင်သန်နေသောဘဝအသက်တာတွင်စံနမူနာထားပြီး ကျင့်ကြံရမည့်အရာများ ဖြစ်ပါသည်။

ကျွန်မ၌ရှိသော ယုံကြည်ခြင်းကိုပြန်လည်သုံးသပ်ပြီး ဒီယုံကြည်ခြင်းကိုပိုပြီးတိုးပွားအောင် ကျင့်ကြံရမည့်အကြောင်း၊ နှုတ်ကပတ်တော်အားဖြင့်ရှင်သန်ကြီးထွားအောင်ပြုစုပျိုးထောင်ရမည်ဆိုသော အကြောင်းအရာများကို လက်ခံရရှိခဲ့သည်။ အဖအာဗြဟံ၏ ယုံကြည်ခြင်း၊ အမိမယ်တော်၏ယုံကြည်ခြင်းအားဖြင့် နာခံခဲ့သည့်စံနမူနာများကို အတုယူလိုက်နာရမည်။ မဖြစ်နိုင်သော အခြေအနေ၌ ဘုရားရှင်ကိုလုံးလုံးလျားလျား ယုံကြည်ခဲ့ကြခြင်း၊ ကြုံတွေ့ရသည့် မည်သည့် အခြေနေတိုင်း၌မဆို ဘုရားရှင်အပေါ်ထားသော ယုံကြည်ခြင်းများအတွက် ခွန်အားတစ်ရပ် ရရှိပါသည်။ နေ့စဉ် အသက်တာထဲ၌ အဆင်ပြေမှု၊ ပျော်ရွှင်မှုများနှင့် ပြည့်စုံနေသောအခါ ဘုရားသခင်၏အလိုတော်ဟုလက်ခံယုံကြည်နိုင်သော်ငြားလည်း အခက်အခဲများ၊ မပြည့်စုံမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ဘုရား၏ အလိုတော်ကို ယုံကြည်လက်ခံရန် ခက်ခဲကြောင်း သိခဲ့ရသည်။ Foundations of Christian's Faith ကိုသင်ယူရခြင်းအားဖြင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို မည်ကဲ့သို့ တိုးပွားအောင် ကျင့်ကြံနေထိုင်ရမည် ဆိုသည့် အကြောင်းနှင့် ဘုရားရှင်ကို လုံးလုံးလျားလျား ယုံကြည်လက်ခံနိုင်ရန် အတွက် ကြိုးစား သွားရပေအုံးမည်။

**Sr. Khaing War (MSP)**






**Lu**- I am very angry with You and not satisfied with my life. I am almost losing faith in You and do not want to believe in anyone, esp. in divine things.

**Jesus**- So what????

**Lu**- I will do something really free from all entanglements of believing someone superior…

**Jesus**- When????

**Lu**- I am accumulating the forces to chase out all the divine things out of my life as soon as possible.

**Jesus**- How?????

**Lu**- I will say that it is stupid to believe in the divine because everything happens as if there is no super controller. The good and the bad are bring and die as if nothing special happens to them. It shall go on like this as it was in the beginning, now and forever.

Who care whether I am good or bad? Damn it!!! I do not care a bit of it. Life is so much confused to live and to believe in it.

**Jesus**- Are you sure that after shading out all divine things from your life you will be content to live on?

**Lu-** Life of mine will go on, I suppose so. Believing is busying oneself with unnecessary burden.

**Jesus-** An aimless life is a sight of pity.

**Lu-** Especially for what????

**Jesus-** There is no vagabond in spiritual . Human nature is attached to a certain pillar of belief, whether political or of religion. I do not believe that you can survive happily in your life without having some kind of spirituality. I just point out to you just for your survival only, not even that of a fullness of life.

**Lu-** Oh!!!! I see.

**Jesus-** What do you see, then????

**Lu-** I believe that man can survive without believing anything.

**Jesus-** You are absolutely wrong.

**Lu-** Why?????

**Jesus-** At least, you believe that you can live without believing.

**Lu-** You are really hard to be compromised or rather appeased with any argumentations.

**Jesus-** I am not, Lu Chaw; know that I am pleased to be friendly with all, both dinners and saints.

**Lu-** I still am attached to my former idea of disbelieving the divine things.

**Jesus-** You too are stubborn and it is your choice. I respect your freedom of choice.

**Lu-** Then, what????

**Jesus-** You are free to believe or disbelieve. The only thing is that you need to reprogram you intellectual as well as spiritual ware to see more clearly in the near future.

**Lu-** I am not blind.

**Jesus-** A blind man will never admit that he is blind as long as his mind can grope in darkness satisfactorily & successfully.

**Lu-** Do I need to change to change my views of life and of belief?????

**Jesus-** The old idea is rooted in your deepest corner of your heart and mind. It is hard to eradicate it but still it is possible to do it.

**Lu-** So, do you think that I can be persuaded by You???

**Jesus-** Well, one thing I have to ask you: Are you ready to lay down your arms??????

*Fr. Hubert Myo (MLM)*



# အပြစ်ရင်း



လမ်းမှားတယ်လား
ပြန်စဉ်းစားပါ
လူမှားတာလား၊ လမ်းမှားတာလား...

ကျောင်းပြေးတယ်လား
ပြန်စဉ်းစားပါ
ခြေမှားရှိတာ
ကျောင်းဆီမှာလား၊ လူမှာလား...

ဘာသာပျက်သွားတာ
ပြန်စဉ်းစားပါ
ဘာသာတရား
ပျက်သွားတာလား
လူယုံကြည်ချက်ပျက်တာလား...




လူ့ရဲ့ဗီဇ
သဘာဝက
ဒုက္ခကြုံရင်
အပြစ်တင်တာ
ကိုယ်ရှင်မပါ
သူများသာလို့
ကမ္ဘာဦးအစ
ဧဝအာဒံ
အဖြစ်မှန်က
စံပြသဘော
ဓမ္မနှောပြီး
ပြောထားခဲ့တာ
သင်ခန်းစာမို့
အပြစ်တင်ခြင်း
အပြစ်ရင်းအား
ရှောင်ကွင်းနိုင်အောင်
သတိဆောင်ပါ။

မောရစ်ညွန့်ဝေ

# လွမ်းမနေနဲ့ . . . .



ဒူဝေဝေ အသံသာဖို့..
အထုခံ သီးခံနိုင်မှ...
မြည်လိုက်ပါနော်...

ဒူဝေဝေ အသံမြည်ဖို့ ..
အားထည့်ကာ တီးနိုင်ပါမှ..
အမျှဝေနော်...

ဒူဝေဝေ အသံကြားလို့ ..
သတိထား နားဆင်နိုင်မှ...
သာဓုခေါ်နော်...

ဒူဝေဝေ အသံမကြား...
မေ့လျော့ကာ ချောင်ထိုးပြီးမှ...
ကာလရယ် အတန်ကြာ..
တစ်ဖန်ပြန် အမျှဝေရှိုးဆော်ဖို့ ..
သာဓုခေါ်မျှော်နေသူများအတွက် ..
တီးလိုက်မယ်ကြံ ..
ကောက်ကိုင်ကာ ကြိုးတွေကဆွေး ..
ဒူဝေဝေ အသံမပေးတော့ပြီ...
မလွမ်းကြေးနော် ....

ရှားမာန်

(ကိုးကား)
ချာလည် ချာလည်
ရွှေကြေးစည်လည်း
သာကြည်ချိုအေး
နိဗ္ဗာန်တေးကို
ကြွေးကြော်ရာမှ
ဆိတ်ခဲ့ပြီ။

(ကြေးစည်အနက်ဖွင့်စာစောင်မှ
အမည်မသိစာဆိုတစ်ဦး)

## အမှတ်စဉ် (၈)၊ ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်၊ ၂၀၁၉၊ ဧပြီလ၊ ၆ ရက်။ (MIRS)

အမှတ်စဉ် (၈)ဘွဲ့နှင်းသဘင်အခမ်းအနားကို ဆရာတော်ကြီးဂျက်စတင်းစောမင်းသိုက်နှင့် ရဟန်းတော် ( ၄ ) ပါး၊ President of IRFS ဖိလစ်ပိုင်မှ Sr. Jeanne, President of St. Joseph College, မှ Sr. Teresita နှင့် ဖိတ်ကြား ထားသော ဧည့် သည်တော်များ (၁၆၀ ဦး ) တက်ရောက် အားပေးခဲ့ကြပါသည်။ ဂုဏ်ပြုအားပေးရန် ကြွရောက်လာကြသော အသင်းဂိုဏ်းအသီးသီးမှရဟန်းတော်များ၊ ဘရာသာရ်များ၊စစ္စတာရ်များနှင့် မိဘဆွေမျိုးများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ကျောင်းသူကျောင်းသားများ အားလုံးကိုယ်စား ပြောကြားလိုပါသည်။

Sr. Sabina Hla Yee Win






Myanmar Institute of Religious Students (MIRS) ကျောင်း သည် ၂၀၀၄ ခုနှစ်မှ စတင်ခဲ့ပြီး၊ ယခု ပညာသင်နှစ် ၂၀၁၈-၂၀၁၉ ခု၊ အမှတ်စဉ်(၈) အထိတိုင်ရပ်တည်ခဲ့ပါပြီ။

စတင်သည့် နေ့မှ ယနေ့ထိတိုင် ကျောင်းသူ၊ ကျောင်း သား များစွာကို မွေးထုတ်ပေး နိုင်ခဲ့ပါပြီ။ ၂၀၁၈-၂၀၁၉ ခု ပညာသင်နှစ်ပြီးဆုံးသူ (၅)ဦးတို့အားဘွဲ့လက်မှတ်များ အပ်နှင်းခြင်းနှင့် တစ်နှစ်တာ အတွက် ( Postoral Fomation Program)အောင်မြင်ခဲ့သူ(၁၁)ဦးတို့အား အောင်လက်မှတ်များချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၆ ရက် ၂၀၁၉ ခုနှစ်၊ စနေနေ့ တွင် ကျင်းပ ခဲ့ပါသည်။

# ဆပ်ဖြေခြင်းအသင်းဂိုဏ်း၏ရှင်လုကာကွန်ဗင့်ကျောင်း ၂၅.နှစ်ပြည့်ဂျူဘီလီ ကျေးဇူးတင်မဿား။



တောင်ငူသာသနာ၊ မြသာကုန်းတိုက်နယ်၊ ဆပ်ဖြေခြင်းသီလရှင်များ၏ ရှင်လုကာကွန်ဗင့်ကျောင်း၊ ဖွင့်လှစ်ခြင်း (၂၅)နှစ် ပြည့်ဂျူဘီလီ ကျေးဇူးတင် မဿားတရားတော်မြတ်ကို (၂၁-၂-၂၀၁၉)နံနက်ပိုင်းတွင် ဂိုဏ်းအုပ် ဆရာတော် အိုက်ဇက်မာနုနှင့်အတူ ရဟန်းတော်(၁၀)ပါးတို့မှ တင်ပူဇော်ပေးခဲ့ကြ ပါသည်။ သီလရှင်အပါး (၃၀)နှင့်ဘာသာသူ (၅၀၀) ကျော် ပါဝင်ခဲ့ကြပါသည်။



ဆပ်ဖြေခြင်း သီလရှင်အသင်းဂိုဏ်းမှMother Letizia Olga ၏(၆၀)နှစ်ပြည့် ရွှေစင်ဂျူဘီလီနှင့်ခေါင်းလောင်းစင်ကောင်းချီး ပေးခြင်းကို (၁၀–၃–၂၀၁၉)နေ့တွင်၊ ပေါက်တူးဖယ်ဘိုးအောက် ကျေးရွာ၌ ကျင်းပ ပြုလုပ် ခဲ့ပါသည်။

တောင်ငူဂိုဏ်းအုပ်ဆရာတော်၊ အိုက်ဇက်မာနုမှ ဂျူဘီလီမှတ်တိုင်နှင့် ခေါင်းလောင်းစင်ကောင်းချီးပေးပြီး ကျေးဇူးတင်မဿားတရားတော်မြတ်ကို ဦးဆောင်ဦးရွက်ပြုကာ ရဟန်းတော်(၈)ပါးပါဝင်တင်ပဇော်ပေးခဲ့ကြပါသည်။ လူဦးရေ(၆၀၀)ကျော်ပါဝင်တက်ရောက်ခဲ့ပါသည်။

**ဒက်ဗ္ဗးမယ်** (I.S.R)



# အမေ့ဘဝစာမျက်နှာများ

နန်ရျူလိုင်အေး (ပုသိမ်)

ကိုယ်တော်ရှင်သည် မိမိသားသမီး တစ်ဦးစီအတွက် ဘဝဆိုသည့်စာအုပ်ကြီး တစ်အုပ်ကိုပေးခဲ့ပါသည်။ ထိုဘဝစာအုပ်တွင် စာမျက်နှာပေါင်းများစွာ ရှိပါသည်။ အမေသည် ကိုယ်တော်ပေးသော ဘဝစာအုပ်ကိုပိုင်ဆိုင်ထားသူပါ။ အမေ့ဘဝသည် အဖေနှင့် အကြောင်းပါခဲ့ပြီး ဝန်ထောက်ကတော်ဟူသည့်ဘဝကိုစတင်ရရှိပါသည်။ ထိုအချိန်မှစပြီး အမေ့ဘဝ ပထမဆုံးစာမျက်နှာလေးသည် လှပခဲ့ရပါသည်။

"ဘုရားသခင် ပေါင်းဖက်ပေးထားသောအရာကိုလူသည်မခွဲခွာစေနှင့်"။ (ရှင်မာတေဦး ၁၉း၆) ကျမ်းချက်အတိုင်း အမေသည် အဖေ့အတွက် အကောင်းဆုံး အဖော်မွန်ဖြစ်ခဲ့ရပါသည်။ သားသမီးများကိုလည်းထွန်းကားစေခဲ့သည်။အမေသည် သားသမီးများနှင့်အတူ ဘုရားကျောင်းတက်၊ ဆုတောင်းဝတ်ပြုခြင်းဖြင့် အမေ့ဘဝစာမျက်နှာများလှပနေဆဲပါ။ ချောမွေ့နေဆဲပါ။ သို့သော်တစ်ခါတစ်ရံ အဖေ၏ဆိုးသွမ်းမှုဒဏ်ကိုခံရသည့်အခါတွင်လည်း သည်းခံခွင့်လွှတ်လျှက်ဆုတောင်းခြင်းဖြင့် ဆက်လက်ပြီးဘဝကို တည်ဆောက်နိုင်ခဲ့ပါသည်။

အဖေကွယ်လွန်သွားခဲ့ပါသည်။ သားသမီးများနှင့် အမေကျန်ရစ်ခဲ့ပြီ။ သို့သော် အမေသည်စိတ်အားမငယ်ပါ။ ကိုယ်တော်ရှင်ထံဆုတောင်းခြင်းဖြင့် သူမဘဝစာမျက်နှာများ လှပအောင် တည်ဆောက်နေ ပါသည်။ သားသမီး၏အလယ်၌ အမေ့ဘဝစာမျက်နှာများပိုပြီး လှပနေသလိုရှိနေပါသည်။ သားသမီးများ၏ ပြုစုစောင့်ရှောက်ခွင့်၊ ကျေးဇူးဆပ်ခွင့်များကို အမေခံစားရပါသည်။ အမေ့ဘဝအလယ် စာမျက်နှာ အရောက်ထိလှပဆဲ၊ ချောမွေ့ဆဲ၊ စုတ်ပြဲရာများကင်းစင်ဆဲပါ။

သဘာဝ၏ ဘေးအန္တရာယ်များကို တစ်ခါတစ်ရံခံစားရင်း၊ ဒုက္ခများကိုလည်း ကျော်လွှားရင်း ကိုယ်တော်ရှင်ထံတွင် ဆုတောင်းခြင်းဖြင့် စုတ်ပြဲလုနီးပါး ဘဝစာမျက်နှာများကို အမေတစ်ယောက် ပြန်လည်မွမ်းမံ လိုက်ရပါသေးသည်။

သားသမီးများ အမေနှင့်ဝေး သောနေရာ၌ ရှိနေကြသော်လည်း သားသမီးများအတွက် အမေ့ဆုတောင်းသံကို ကိုယ်တော်ရှင် နားညောင်းတော်မူပါသည်။ အမေ့ဘဝဆုတောင်းတိုင်း ပြည့်နေခဲ့ပါသည်။ အမေလည်း အသက်အရွယ်ရလာခဲ့ပါပြီ။ လူသားဖြစ်သည့် အလျောက်အိုခြင်း၊ နာခြင်းဟူသည့် ဝေဒနာများခံစားရပါသည်။ သို့သော်အမေ၏ ဘေးပတ်လည်မှာ ပြုစုယုယမှုတွေပေးနေသည့်သားသမီးများ၊ ကိုယ်တော်ရှင်၏ ကျေးဇူးတော်များကို ခံစားရင်း ကျေနပ်မိနေပါသည်။ အမေ၏ နောက်ဆုံးဘဝ စာမျက်နှာများသို့ ရောက်ရှိလာပါပြီ။ အမေ့ဘဝ၏စာမျက်နှာများ စုတ်ပြဲစပြုလာပါပြီ။ သို့သော်လည်း အမေဝမ်းမနည်းပါ။ စိတ်ဓာတ်မကျပါ။ ဆုတောင်းခြင်းဖြင့် ဘဝကို ဆက်လက်ရှင်သန်နေဆဲပါ။

အမေ၏စုတ်ပြတ်သွားသည့်ဘဝ စာမျက်နှာများကိုဖြင့် မည်သို့မျှပြန်လည်ပြုပြင်၍ မရနိုင်တော့ပါ။ အမေ့ရဲ့ဇရာရယ်၊ ခံစားနေရသည့်ရောဂါများကြောင့် အမေဘဝသက်တမ်း ကုန်ဆုံးချိန်ပါ။ ရလိုရငြား ဖာထေးပြုပြင်နေကြသူများ မှာတော့ အမေ့ဘေးနားမှာ ဝိုင်းနေကြသည့် အမေ၏ အချစ်ရဆုံး သားသမီးများပါ။ နောက်ဆုံး သူတို့လည်း လက်မြှောက် အရှုံးပေးလိုကကြရသည်။ အမေ့ရဲ့ စုတ်ပြဲသွားပြီ



ဖြစ်သော ဘဝဆိုသည့် စာအုပ်ကြီးကို ကိုယ်တော်ရှင်ထံ အပ်နှံကြရတော့မှာပါ။ မည်သို့မျှ ဖာထေးပြုပြင်၍မရနိုင်တော့ပါ။

အမေ့ဘဝ နိဂုံးချုပ်သွား ခဲ့ပါပြီ။ အမေပိုင်ဆိုင် လိုက်ရသော ဘဝစာအုပ်ကြီးကို ကိုယ်တော်ရှင်ထံသို့အပ်နှံ လိုက်ရပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့ကက်သလစ်ဘာသာဝင်များအတွက် ကိုယ်တော်ရှင် ပေးထားသည့် ဘဝစာအုပ်ကို ကိုယ်တော်ဘုရားရှင်ပြန်လည် မသိမ်းပိုက်ခင် မိမိတို့ လျှောက်လှမ်း နေရသည့် လမ်းခရီးသာယာဖြောင့်ဖြူးစေရန်၊ အပြစ်တရားများအတွက် နောင်တယူပြီးမိမိတို့၏ ဘဝစာအုပ်ကြီးကို ဘုရားသခင်ထံ ကောင်းမွန်စွာ အပ်နှံနိုင်ရန်ကြိုးစားကြရပါမည်။ အသန့်ရှင်းဆုံး၊ အလှပဆုံးစာအုပ် တစ်အုပ်ဖြစ်လာနိုင်ကြစေရန် ကြိုးစားသွားကြပါစို့။

**နန်းချူလှိုင်ဒေး (ပူသိမ်)**



## စိန့်ဖရန်စစ် ဖေးဗီးယား သီလရှင် အသင်းဂိုဏ်း၏ သစ္စာခံယူပွဲ

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စိန့်ဖရန်စစ်ဖေးဗီးယား သီလရှင်အသင်းဂိုဏ်းမှ ပထမသစ္စာကိုခံယူခဲ့ကြသော သီလရှင်( ၁၈) ပါး၊ ရာသက်ပန်သစ္စာကိုခံယူကြသော သီလရှင် (၇) ပါးရရှိခြင်းအတွက် ဘုရားရှင်အားအထူး ကျေးဇူးတင်ရှိပါသည်။
စိန့်ဖရန်စစ်ဖေးဗီးယား သီလရှင်ဂိုဏ်းအပေါ် ဘုရားသခင်ပေးသနားသော ဤဆုကျေးဇူးများအတွက် ဘုရားရှင်အား၊ အထူးကျေးဇူးတင်ပါကြောင်း သိတင်းကောင်းကို မျှဝေပေးလိုက်ပါသည်။





တောင်ငူသာသနာ ၊ကျန်းမာရေးကော်မရှင်မှ ကြီးမှူးကျင်းပသော ကျန်းမာရေး အသိပညာပေးခြင်းနှင့်နယ်သို့ကွင်းဆင်းဆေးဝါးကုသခြင်းကို (၃၁. ၃. ၂၀၁၉) နေ့တွင် ဇလဲကျေးရွာအုပ်စု၊ ဇလဲကဗ္ဗာလာခြံကျေးရွာတွင် ပြုလုပ်ခဲ့ပါသည်။

တောင်ငူသာသနာ ကျန်းမာရေးကော်မရှင်ဒါရိုက်တာ Fr. ဘိုဒရီးနိုအာနောင်းမှ မစ္ဆားတရားတော်မြတ်ဖြင့် ဦးဆောင်စတင်ပြီး၊ ဥက္ကဋ္ဌဆရာဝန် Dr. ဒန်ဇန်၊ Sr. ဘက်နက်ဒက်မြတ်နှင်းနွယ်၊ Sr.စဲလင်း၊ ဆရာမဒေါ်အားကာတာ၊ ဆရာမ ဒေါ်အယ်နီမိတူး၊ ဆရာမဒေါ်အေမီးလျာမွေးမွေး၊ ဆရာမဒေါ်စုမွန်ကြည်၊ ဆရာမဒေါ်ဘက်နက်ဒက်နှင့် ဆရာမဒေါ်လုလုတို့ပါဝင်ဦးဆောင်ပေးခဲ့ပြီးလူနာ (၈၇) ဦး ဆေးဝါးကုသမှုခံယူခဲ့ကြပါသည်။ **ခက်ရွှေမယ်** (I.S.R.)

# ကျေးဇူးတင်မှတ်တမ်းတင်ခြင်း.....

ကြေးစည် စာစောင် ထုတ်ဝေသည့် အမှုတော်မြတ် တာဝန်ကို ၂၀၁၆ မှ ၁၀၁၈ အထိ (၃) နှစ် တိုင် ထမ်းဆောင် ပေးခဲ့ပါသော စိန်ဂျိုးဇက်သီလရှင်အသင်းဂိုဏ်းမှ စစတာရဲ ဒဲနှစ်ဂျာတောင်နှင့် အကူအညီ ပေးခဲ့ကြသူ မိတ်ဆွေများအား အထူး ကျေးဇူး တင်လျက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ပြီးခဲ့သော နှစ်များမှ စစ္စတာရဲနှင့် မိတ်ဆွေများ ၏ အထူးကြိုးပမ်းအားထုတ်၊ ပေးဆပ်ခဲ့မှုများကြောင့် များစွာသောအောင်မြင်မှု အသီးအပွင့်များနှင့် မျိုးစေ့များကိုဆက်လက် စိုက်ပျိုး ကြဲဖြန့်နိုင်ခဲ့ပေပြီ။ ကာယ၊ ဉာဏ၊ ဒါန၊ အချိန်နှင့်စေတနာထားအားပေး ကူညီသူများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

မြင့်မြတ်လှသော အဖစိန်ဂျိုးဇက်၏ နာမတော်မြတ်၌ ကျေးဇူးတော်များစွာဆက်လက်ခံစားရရှိလျက် အမှုတော်မြတ်ကိုအားရရွှင်လန်းစွာနှင့် အလိုတော်အတိုင်းအသက်ရှင်သန်ကျင့်ကြံသွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ကြေးစည် အဖွဲ့သားများ...**

# တောင်းပန်ခြင်း...
# တောင်းဆိုခြင်း...

ကြေးစည် စာစောင် ကို ဖတ်ရှုအားပေးနေကြသော စာဖတ်သူမိတ်ဆွေများ အားလုံးနှင့် ကြေးစည်စာစောင်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ အားပေးကူညီကြသူများ၊ အထူးသဖြင့် စာမူများ ပေးပို့ခြင်းဖြင့် ကူညီကြသော စာရေးသူများ အားလုံးရှင့်...

ယခု ကြေးစည် စာစောင်သည် ၂၀၁၉ ခုနှစ် အတွက် ပထမဆုံးထွက်ရှိသည့် စာစောင်ဖြစ်သည်နှင့် အချိန်အနည်းငယ်နောက်ကျခြင်းအတွက်လည်းကောင်း၊ စာရေးသားစီစစ်ရာတွင် အားနည်းချက်များ၊ အမှားအယွင်းများတစ်စုံတစ်ရာအတွက် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် အနူးအညွတ်မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။

နောင်ထွက်ရှိလာမည့်စာစောင်များအတွက်ကိုလည်းဆက်၍ကူညီသမှုပြုပေးကြပါရန်နှင့် အားနည်းချက်များ အတွက် ဝေဖန် ထောက်ပြ၊ အကြံပြု၊ ဖြည့်ဆွက် ပေးကြပါရန် တောင်းဆိုအပ်ပါသည်။

လာမည့် ရှေ့လပိုင်းများတွင်လည်း ကက်သလစ်သူတော်စင်များအဖွဲ့ချုပ် အနေဖြင့် စာဖတ်သူများနှင့် ထိတွေ့ ဆက်သွယ်မှု ပိုမိုလွယ်ကူလာစေမည်ဟု မျှော်လင့်လျက် ကက်သလစ်သူတော်စင်များအဖွဲ့ချုပ်မှ ပေးအပ်လာသော တာဝန်အရ ဝက်ဘ်ဆိုက်စနစ်ကိုလည်းစတင် ဖွင့်လှစ်နိုင်ရန် ကြိုးစားနေပါသဖြင့် နားလည် တတ်ကျွမ်းသူများမှလည်း ကူညီအားပေးကြပါရန် တောင်းဆိုလိုက်ရပါသည်။

ကျေးဇူးတင်ပါသည်။

စစ္စတာရ် ယူဂျေနီ ပက်ထရီနီးလာ (SFX)